ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ သောကြာနေ့ (16-9-2011) (၆၀၀၄)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သော မက္ကဆီကို ပြည်ထောင်စုနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်- နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မက္ကဆီကို ပြည်ထောင်စုနိုင်ငံသမ္မတ မစ္စတာ ဖယ်လိပီ ကာလ်ဒါရွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးကို လေးစားမှုတို့သည် ဒီမိုကရေစီရှင်သန်ရေးအတွက် ရေခံမြေခံများဖြစ်

# ကောင်းမွန်သော ဒီမိုကရေစီပတ်ဝန်းကျင်နှင့် ဆီလျော်သော ဒီမိုကရေစီယဉ်ကျေးမှုမရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေမည့် အကျပ်အတည်းများ ပေါ်ပေါက်တတ်

နေပြည်တော် စက်တင်ဘာ ၁၅

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ ဒီမိုကရေစီနည်းလမ်းတကျ ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပြီဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ဖော်ဆောင်လျက်ရှိရာ ဒီမိုကရေစီရေးဆိုင်ရာ ပြုပြင်ပြောင်းလဲကျင့်သုံးမှုများကိုလည်း အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်။**

**ယနေ့ မြန်မာနိုင်ငံ၏ ပကတိအရှိတရားနှင့်ကိုက်ညီပြီး နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဆောင်နှင်းပေးနိုင်မည့် ဒီမိုကရေစီကျင့်စဉ်နှင့်အခွင့်အရေးများ ခိုင်မာစွာ ဖြစ်ထွန်းလာစေရန် ရည်သန်လျက် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၁ (International Day of Democracy 2011) အထိမ်းအမှတ် အခမ်းအနားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ လွှတ်တော်နှစ်ရပ်ပူးပေါင်းလျက် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၁ အထိမ်းအမှတ် အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ နာယကနှင့် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နေပြည်တော် (၈)မြို့နယ်မှ ပြည်သူ့ ကိုယ်စားလှယ်များ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းစာနယ်ဇင်းများမှ သတင်းထောက်များနှင့် ပြည်ပအခြေစိုက် သတင်းဌာနအချို့မှ သတင်းထောက်များ တက်ရောက်ကြသည်။



ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၁ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု လွှတ်တော် နာယက ဦးခင်အောင်မြင့်က အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၁ အထိမ်းအမှတ် အခမ်းအနား အဖွင့်မိန့်ခွန်း ပြောကြားရာတွင် **ဒီမိုကရေစီစနစ်ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် အခြေခံ အခွင့်အရေးများကို ကာကွယ် မြှင့်တင်နိုင်သည့် ကျင့်စဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ကိုယ်ပိုင်စွမ်းရည်ဖြင့် ဝေဖန်ပိုင်းခြားမှုကို ဖော်ထုတ်ခွင့်ရှိသည့် တစ်ခုတည်းသော နိုင်ငံရေးစနစ်လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို လူသားများက စံပြုထိုက်သည့် ကျင့်စဉ်အဖြစ်ခံယူပြီး ရည်မှန်းချက်ပန်းတိုင် အဖြစ်လည်း သတ်မှတ်ကြပါကြောင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ထင်သာမြင်သာရှိခြင်း၊ တာဝန်ယူမှုရှိခြင်း၊ ကွဲပြားခြားနားသည့်အမြင်နှင့် အတွေးအခေါ်များဖြင့် ဖွဲ့စည်းတတ်ခြင်းစသည်တို့မှာ ဒီမိုကရေစီ၏ အခြေခံများပင် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်နှင့် လူ့အဖွဲ့အစည်းပေါင်းစည်းညီညွတ်မှုကို**

စာမျက်နှာ ၂၀ ကော်လံ ၁ သို့

**☆ နိုင်ငံတိုင်းသည် အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့် ရှိရမည်ဖြစ်ပြီး တစ်နိုင်ငံချင်း ဂုဏ်သိက္ခာရှိရမည်။**

**☆ ယင်းနိုင်ငံရှိ ပြည်သူလူထု၏ဆန္ဒ၊ ၎င်း၏ ကိုယ်ပိုင်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစနစ်များအရ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ခွင့် ရှိစေရမည်။**

**☆ ကမ္ဘာပေါ် ရှိ နိုင်ငံများသည် မှုမတူ ယှဉ်တွဲနေထိုင်မှုစနစ် ရှိကြရမည်။**

ကြေးမုံ The Mirror
၁၆-၉-၂၀၁၁
(သောကြာနေ့)

# ဒီမိုကရေစီယဉ်ကျေးမှု ဒီမိုကရေစီကျင့်စဉ်

မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင် နိုင်ငံဖြစ်သည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာများ ဖော်ဆောင်ရန် အခြေအနေအခွင့်အလမ်းများ ရရှိထားပြီ။ နိုင်ငံသားများ၏ မူလရပိုင်ခွင့်၊ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးများကို အာမခံနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် အတည်ပြုပေါ်ထွန်းခဲ့ပြီဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လွှတ်တော်အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ခဲ့ပြီ။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး လုပ်ငန်းများ ပုံပေါ်လုပ်ဆောင်နေကြပြီ။ အုပ်ချုပ်ရေးစနစ်သစ်၊ အုပ်ချုပ်ရေးအသွင် သဏ္ဌာန်သစ်ကို ဖော်ဆောင်လျက်ရှိရာ အရှိန်အဟုန်ရရှိလာနေပြီ။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ သန့်ရှင်းသော အစိုးရဖြစ်ရေး တည်ဆောက်လျက်ရှိသည်။

လွှတ်တော်တွင် "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" ကြွေးကြော်သံနှင့်အညီ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ကြရပေမည်။ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးတို့အတွက် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် အများစု၏ဆန္ဒကို အနည်းစုက လိုက်နာကြရပြီး အနည်းစု၏ဆန္ဒကို အများစုက အလေးထားကြရသည့် အလေ့အထမျိုး ဖြစ်ထွန်းလာစေရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ဒီမိုကရေစီယဉ်ကျေးမှုကြောင့် လူ့အဖွဲ့အစည်းကို စည်းလုံးညီညွတ်စေသည်။ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်။ ဒီမိုကရေစီစနစ်သည် လူတစ်ဦးချင်း၏ ဂုဏ်သိက္ခာကို အလေးထားသည်။ နိုင်ငံခြားရေးမူဝါဒတွင်လည်း နိုင်ငံ၏ဂုဏ်သိက္ခာကို အလေးထားသည်။ လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးပင်ဖြစ်ရာ လက်ရှိဥပဒေ၊ နောင်တွင် ပြဋ္ဌာန်းမည့် ဥပဒေများကို ဒီမိုကရေစီရှုထောင့်မှ သုံးသပ်ကြည့်ရှု စိစစ်ကြရပေမည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်မှာ နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်ကို ကာကွယ်ပေးရေးဖြစ်သည်။ ဒီမိုကရေစီနိုင်ငံဖြစ်သည်နှင့်အညီ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ထောက်ပြသွားကြမည်ဖြစ်ရာ ပြုပြင်ဆောင်ရွက်ရန် ရှိသည်များကို ရဲရဲဝံ့ဝံ့ လုပ်ဆောင်သွားကြရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီဖော်ဆောင်မှုတွင် မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီ။ မြန်မာနိုင်ငံနှင့် ပြည်သူများအနေဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို ဖော်ဆောင်လျက်ရှိရာ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနှင့်အညီ ဒီမိုကရေစီယဉ်ကျေးမှု၊ ဒီမိုကရေစီကျင့်စဉ်များ တိုးတက်ဖြစ်ထွန်းလာစေရေး ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဦးကျော်ဦးအား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သော မက္ကဆီကိုပြည်ထောင်စုနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စစ် ပက်ထရစ်ရှာ အက်စ်ပီနိုစာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

# ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ





**ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ် General Prayut Chan- O- Cha နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ သူရဲကောင်းစစ်သည် ဗိမာန်၌ အလေးပြုကြစဉ်။** (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၁၅**

ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ် General Prayut Chan - O- Cha နှင့် ဇနီး ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Apirath Vienravi နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)ဝိုင်းသို့ သွားရောက်၍ ပါရမီကျောင်းတိုက် သိမ်တောင်တိုက်ကျောင်း ဓာတ်တော်ပြတိုက်ဆရာတော် ဘဒ္ဒန္တကိတ္တိဝရအား ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် သူရဲကောင်းစစ်သည် ဗိမာန်သို့ သွားရောက်၍ လွမ်းသူ့ပန်းခြင်း ချအလေးပြုကြသည်။

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား သွားရောက် ကြည်ညိုကြသည်။

ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၅-၉-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၂၉၉၃ | ၀. ၀၃၃၀၀ |
| တရုတ် (ယွမ်) | ၆. ၃၉၃၀၀ | ၀. ၁၅၆၃၅ |
| အိန္ဒိယ (ရူပီး) | ၄၇. ၄၆၆၀ | ၀. ၀၂၁၀၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၉၀၅၀ | ၀. ၃၂၃၅၇ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၃၉၄၆ | ၀. ၈၀၆၈၀ |
| ဂျပန် (ယန်း) | ၇၆. ၇၆၆၇ | ၀. ၀၁၃၀၃ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၁၃. ၇၂ | ၀. ၀၀၀၉၀ |
| ယူရို | ၀. ၇၂၁၀၁ | ၁. ၃၈၆၉၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၀၅၁ | ၁. ၅၈၆၀၂ |

*အင်တာနက်။*

## ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် အစ္စရေးနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး Mr.Yaron Mayer ၊ Myanmar Israel Business Association President နှင့် Federation of Israel Chambers of Commerce(FICC)မှ အဖွဲ့ဝင် Mr. Doron Landau တို့သည် စက်တင်ဘာ ၁၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ တွေ့ဆုံ၍ UMFCCI နှင့် FICC တို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ MoU ရေးထိုးရန်ကိစ္စ ၊ မြန်မာစီးပွားရေးကိုယ်စားလှယ်အဖွဲ့အား အစ္စရေးနိုင်ငံသို့ ဖိတ်ကြားရန်ကိစ္စ၊ Business Seminar about Myanmar ကျင်းပရန်ကိစ္စနှင့် အခြားအထွေထွေကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# မုံရွာမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ (မုံရွာ)၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၅

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အထက်တန်းရက်ကန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းသူများ၏ ရက်ကန်းရက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**



ဆက်လက်၍ မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းမှုနှင့် ဆေးကုသမှု ခံယူနေကြသော လူနာများအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ (မုံရွာ)သို့ ရောက်ရှိပြီး အဖြူချွတ် ဆေးဆိုးစက်၊ အခြောက်လှန်းစက်၊ ပိတ်ခေါက်စက်၊ ဝါဖန်လိုင်း၊ ဗိုင်းတောင့်စက်၊ တည်င်းလုံးစက်၊ ချည်ငင်စက်၊ ရက်ကန်းစက်၊ ပိတ်စစ်စက်များ လည်ပတ်နေမှုနှင့် ဝင်းသူဇာအရောင်းဆိုင်၌ ကုန်ပစ္စည်းများ ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မုံရွာမြို့ ဇလုတ်ဘက်စုံစိုက်ပျိုးရေးခြံ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စမ်းသပ်စိုက်ပျိုးထားသော ပဲစင်းငုံနှင့် ဆည်ရေသောက်စပါးမျိုးများ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး စက်မှုလယ်ယာရုံးသို့ ရောက်ရှိပြီး ရုံးဝင်းအတွင်း စိန်တလုံးသရက်ပင်များ စိုက်ပျိုးထားမှုကိုလည်းကောင်း၊ မုံရွာမြို့ တိုင်းဒေသကြီးအပူပိုင်းစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန သစ်တောပျိုးဥယျာဉ်နှင့် တိုင်းရင်းဆေးရုံ အမျိုးသား/ အမျိုးသမီး တိုးချဲ့လူနာဆောင် ဆောက်လုပ်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးသည်။

ထို့နောက် ပညာရေးကောလိပ် (မုံရွာ)သို့ ရောက်ရှိပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာမှုနှင့် သင်တန်းသား၊ သင်တန်းသူများ၏ အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

## ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၆၉-၁၉၇၄) တွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်ပညာရေးတက္ကသိုလ် ၁၉၆၉-၁၉၇၄ ခုနှစ်(၁၉၆၉ ခုနှစ် တက်ရောက်သူများ၊ ၁၉၇၄ ခုနှစ် ပညာရေးဘွဲ့ရရှိသူများ) ကျောင်းသား၊ ကျောင်းသူဟောင်းများ သတ္တမအကြိမ်တွေ့ဆုံပွဲကို အောက်တိုဘာ ၉ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် ကန်တော်မင်္ဂလာပန်းခြံရှိ ကန်တော်မင်ရွှေဘဲ စားတော်ဆက်၌ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ သိရှိလိုသည်များကို ဦးကျော်သောင်း ဖုန်း-၅၅၂၂၉၇၊ ဦးခင်ရင်မောင် ဖုန်း-၇၀၅၄၉၅၊ ဒေါ်ခင်လဲ့လဲ့ကြည် ဖုန်း-၅၃၄၄၆၉၊ ဒေါ်အေးအေးလတ် ဖုန်း-၅၀၃၁၃၆၊ ဒေါ်ရီရီဝင်း ဖုန်း-၂၄၆၃၁၉၊ ဒေါ်အေးအေးရီ ဖုန်း-၃၇၆၈၇၅၊ ဒေါ်မြမြမေ ဖုန်း-၃၇၅၃၅၀၊ ဒေါ်သန်းသန်း ဖုန်း-၀၉-၅၁၉၈၆၆၃၊ ဒေါ်ဝင်းဝင်းကြည် ဖုန်း-၂၉၄၅၀၂နှင့် ဒေါ်အေးအေးဇဉ် ဖုန်း-၅၃၄၇၁၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(ကြေးမုံ)

# နိုင်ငံတော်အကျိုးအတွက် သယ်ပိုးဆောင်ရွက်လိုသူ မည်သူမဆို ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံရေးဆောင်ရွက်ချက်များ ပြုလုပ်နိုင်




## ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးတက်ရောက်

**နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးသို့ တက်ရောက်စဉ်။**

(သတင်းစဉ်)

☆ **ကျောဖုံးမှ**

အရေးတကြီး ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များ ချပြခဲ့ရာတွင် ကောင်းမွန်သည့် အုပ်ချုပ်မှု၊ သန့်ရှင်းသည့်အစိုးရ၊ ပြည်သူများ၏ အခြေခံရပိုင်ခွင့်၊ တရားဥပဒေစိုးမိုးရေး၊ ရှင်းလင်းတာဝန်ခံမှုရှိရေး၊ မသမာမှုများ တိုက်ဖျက်ရေး၊ ဝင်ငွေကွာဟမှု လျှော့ချရေး၊ သဟဇာတဖြစ်သည့် လူမှုအဖွဲ့အစည်းပေါ်ပေါက်ရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့ ပါဝင်ပါတယ်။

အစိုးရသစ်ဖွဲ့စည်းပြီးနောက် ချက်ချင်းပင် အစိုးရသည် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများစွာကို စတင်အကောင်အထည်ဖော် ပြုလုပ်လျက်ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အစိုးရအဖွဲ့သစ်အနေဖြင့် စတင်အကောင်အထည်ဖော်ခဲ့ရာတွင် ပထမအဆင့်အဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ဦးစားပေးဒေသ(၈)ခုတွင် ချမှတ်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတက ဝန်ကြီးဌာန(၈)ခုအား လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်မှုများပြုခဲ့ပါတယ်။ ယင်းစီမံချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက ဆင်းရဲမှုရာခိုင်နှုန်းကို လက်ရှိ ၂၆ ရာခိုင်နှုန်း မှ ၁၆ ရာခိုင်နှုန်းသို့ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် လျှော့ချနိုင်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ထောင်စုနှစ် ရည်မှန်းချက်ကိုပါ ပြည့်မီနိုင်မှာ ဖြစ်ပါတယ်။

**အစိုးရအနေဖြင့် ကြီးကြီးမားမားဆောင်ရွက်ပေးခဲ့သည့် ကိစ္စတစ်ခုမှာ လူမှုဖူလုံရေးကိစ္စဖြစ်ပြီး အငြိမ်းစားဝန်ထမ်းများ၏ လစာကို တိုးမြှင့်ပေးခဲ့ပါတယ်။ ယင်းအစီအစဉ်ကို အငြိမ်းစားဝန်ထမ်းရှစ်သိန်းကျော် ခံစားရပါတယ်။**

**စီးပွားရေးကဏ္ဍတွင်လည်း ပို့ကုန်များ တိုးမြှင့်နိုင်ရန် ပို့ကုန်အပေါ် ကောက်ခံသည့် ကုန်သွယ်ရေးခွန်ကို မကြာခင်က ရှစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ပါတယ်။ ဒါ့အပြင် လယ်ယာနှင့် သစ်တောပို့ကုန်များအပေါ် ကောက်ခံသည့် အခွန်များကိုလည်း ကင်းလွတ်ခွင့်ပေးခဲ့ပါတယ်။**

**ချေးငွေများပံ့ပိုးရာတွင်လည်း အစိုးရသည် ကျေးလက်ဒေသအဆင့်တွင် ချေးငွေများရရှိရန် စီစဉ်ပေးခဲ့ပြီး ကျေးလက်ဒေသအနေဖြင့် မြို့ပြနှင့်အညီ တိုးတက်မှုများ ရှိလာစေရန် ဆောင်ရွက်ခဲ့ပါတယ်။ ယင်းကဲ့သို့ လုပ်ဆောင်ပေးမှုကြောင့် လာမည့်နှစ်များတွင် အလတ်စားနှင့် အငယ်စား စီးပွားရေးလုပ်ငန်းများစွာ နိုင်ငံအနှံ့ ဖွံ့ဖြိုးလာရန်ရှိပါတယ်။ အဆိုပါ စီးပွားရေးနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ အစိုးရ၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကြောင့် ရေတိုကာလအတွင်း အကျိုးသက်ရောက်မှုများ ရှိလာမှာဖြစ်ပါတယ်။**

**သဘာပတိကြီးခင်ဗျား-**

လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရန် ကိစ္စရပ်များနှင့်ပတ်သက်ပြီး ပြောကြားလိုသည်မှာ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံအသိုက်အဝန်းများအနက် တာဝန်သိသည့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ အစိုးရသည် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုက်အဝန်းနှင့် နီးကပ်စွာပူးပေါင်းပြီး လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး ကိစ္စများကို ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)တွင် ပါရှိချက်များသည် အခြားနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သည့်အချက်များအတိုင်း လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးအတွက် အာမခံချက်အပြည့်အဝ ပေးထားပါတယ်။

**သဘာပတိကြီးခင်ဗျား-**

**လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကိစ္စ ပြောကြားရာတွင် မိမိတို့နိုင်ငံ၌ အလုပ်သမားအခွင့်အရေးများ ဆောင်ရွက်ပေးနေမှုကို ရှင်းပြလိုပါတယ်။ အစိုးရသည် မိမိနိုင်ငံရှိ အလုပ်သမားများ၏ အခွင့်အရေးကို အိုင်အယ်လ်အိုကွန်ဗင်းရှင်း (၈၇)ပါ စံညွှန်းများနှင့်အညီ ရရှိစေရန် လုပ်ဆောင်နေပြီး အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ရရှိရေး ဥပဒေမူကြမ်းကို အိုင်အယ်လ်အိုမှ ကျွမ်းကျင်သူပညာရှင်များနှင့် တိုင်ပင်ဆောင်ရွက်ခဲ့ပါတယ်။ ယင်းဥပဒေမူကြမ်းကို ၂၉-၈-၂၀၁၁ ရက်နေ့တွင် အမျိုးသားလွှတ်တော်က အတည်ပြုခဲ့ပါတယ်။ အဆိုပါဥပဒေကို ပြည်သူ့လွှတ်တော်သို့လည်း တင်ပြအတည်ပြုချက်ရယူသွားရန်ရှိပါတယ်။ မိမိတို့အနေဖြင့် အဆိုပါဥပဒေသည် မြန်မာအလုပ်သမားများ၏ အခွင့်အရေးအကျိုးစီးပွားကို ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်မြှင့်တင်သွားမှာဖြစ်ပါတယ်။**

**ထို့အတူ ရပ်ကွက်/ကျေးရွာ စီမံခန့်ခွဲရေးဥပဒေကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသွားရန်ရှိပြီး ယင်းဥပဒေကို ပြဋ္ဌာန်းပြီးပါက အဓမ္မလုပ်အားပေးခိုင်းစေမှု ပပျောက်ရေးအတွက် အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် များစွာအကျိုးရှိစေမှာဖြစ်ပါတယ်။**

**သဘာပတိကြီးခင်ဗျား-**

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို လူ့အခွင့်အရေးကောင်စီက ကမ္ဘာ့နိုင်ငံများအားလုံး၏ လူ့အခွင့်အရေးအား ပုံမှန်သုံးသပ်သည့် ယူပီအာရ် အစီအစဉ်ဖြင့် ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက သုံးသပ်ခဲ့ပါတယ်။

ယင်းကဲ့သို့ ယူပီအာရ်လုပ်ငန်းအဖွဲ့အဆင့်က သုံးသပ်ခဲ့ရာတွင် နိုင်ငံပေါင်း ၅၇ နိုင်ငံက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေအပေါ် အကြံပြုချက် (၁၉၀) ပေးအပ်ခဲ့ရာ မြန်မာနိုင်ငံက အကြံပြုချက် (၁၉၀)အနက်(၇၄)ချက်ကို ချက်ချင်းလက်ခံခဲ့ပြီး (၄၆)ချက်ကို လက်ခံစဉ်းစားမှာဖြစ်ကြောင်းနဲ့ (၇၀)ချက်ကို လက်မခံနိုင်ကြောင်း ပြောကြားခဲ့ပါတယ်။

ပြီးခဲ့သည့် ဇွန်လအတွင်း ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ မျက်နှာစုံညီအစည်းအဝေးတွင် မြန်မာနိုင်ငံက လက်ခံစဉ်းစားမည်ဟု ဆိုခဲ့သည့် အကြံပြုချက် (၄၆)ချက်အနက် (၄)ချက်ကို ထပ်မံလက်ခံခဲ့ပြီး ကျန်(၄၂)ချက်အနက် အချို့ကိုတစ်ပိုင်းတစ်စနဲ့ အချို့ကို လက်မခံခဲ့ပါဘူး။ ဒီလိုဖြစ်ရခြင်းမှာလည်း အကြံပြုချက်အချို့ဟာ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ် ထိပါးသည့်အသုံးအနှုန်းနှင့် သံသယဖြစ်ဖွယ်အနေအထားများကြောင့် ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ယခုအခါတွင် မြန်မာနိုင်ငံသည် မသန်စွမ်းသူများနှင့်သက်ဆိုင်သည့် ဥပဒေ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေ၏ နောက်ဆက်တွဲပြဋ္ဌာန်းချက်ဖြစ်သည့် ကလေးသူငယ်များအား ရောင်းစားခြင်း၊ ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်းနှင့် ညစ်ညမ်းရုပ်ရှင်/စာပေများတွင် ပါဝင်စေခြင်း စသည့် အဓိကကျသော နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့အနေဖြင့် ယူပီအာရ်သည် နိုင်ငံများအတွက် အချေအတင်အငြင်းပွားမှု မရှိနိုင်သည့် လူ့အခွင့်အရေးကို စောင့်ကြည့်သည့်စနစ်တစ်ခု ဖြစ်ပါကြောင်းနှင့် နိုင်ငံများ၏ လူ့အခွင့်အရေးကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်နိုင်သည်ဟု ယူဆပါတယ်။ ဒါ့ကြောင့် နိုင်ငံများအပေါ် သီးခြားချမှတ်သည့် ဆုံးဖြတ်ချက်များနှင့် လုပ်ပိုင်ခွင့်အခွင့်အာဏာများပေးခြင်း စသည်တို့သည် လူ့အခွင့်အရေးကောင်စီတွင် မလိုအပ်တော့ဟု ယုံကြည်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

**နိုင်ငံသားများ၏ လူ့အခွင့်အရေးကို ထိရောက်စွာ ကာကွယ်မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အစိုးရသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၅-၉-၂၀၁၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါတယ်။ အဆိုပါကော်မရှင်ကို လူအများယုံကြည်ကိုးစားသည့်အလွှာပေါင်းစုံမှ ဘာသာကျွမ်းကျင်သူပညာရှင်များဖြင့် လွတ်လပ်စွာ ဖွဲ့စည်းထားပါတယ်။ နိုင်ငံသားများအနေဖြင့် ၎င်းတို့၏ ရပိုင်ခွင့်အခွင့်အရေးများ ချိုးဖောက်ခြင်းခံရပါက ကော်မရှင်သို့ တိုင်ကြားနိုင်ပြီး ကော်မရှင်က လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ကာ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများထံ အကြောင်းကြားပေးမှာ ဖြစ်ပါတယ်။ ကော်မရှင်အနေဖြင့် နှစ်ပတ်လည် အစီရင်ခံစာကို သမ္မတထံ တိုက်ရိုက်တင်ပြမည်ဖြစ်ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၊ ဒေသတွင်းအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များမှ ၎င်းအားပေးအပ်ထားတဲ့ လုပ်ပိုင်ခွင့်အရ လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်ပါတယ်။ ယင်းလုပ်ပိုင်ခွင့်ကို သမ္မတသည် ပထမအကြိမ်အဖြစ် ၁၆-၅-၂၀၁၁ ရက်နေ့တွင် အသုံးပြုခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပါတယ်။ ယင်းကဲ့သို့ပေးခဲ့ရာတွင် သေဒဏ်ကျခံသူများအား တစ်သက်တစ်ကျွန်း ပြစ်ဒဏ်သို့ လျှော့ချပေးခဲ့ပြီး အခြားပြစ်ဒဏ်များအားလုံးကို တစ်နှစ်လျှော့ချပေးခဲ့ပါတယ်။ ဒါ့ကြောင့် ၂၀၁၁ ခုနှစ် ဇူလိုင်လအကုန်ထိ အကျဉ်းသား နှစ်သောင်းခန့် လွတ်မြောက်ခဲ့ပါတယ်။

မိမိတို့အနေဖြင့် နိုင်ငံတကာကြက်ခြေနီအဖွဲ့နှင့် ပြန်လည်ပူးပေါင်းဆောင်ရွက်မှုများကို ပြသသည့်အနေဖြင့် ၎င်းတို့အား အကျဉ်းထောင်များသို့ သွားရောက်ခွင့်ပြုကာ ကျန်းမာရေးနှင့်အညီ ရေကောင်းရေသန့်များ ရရှိရေးအတွက် လုပ်ဆောင်မှုများကို ဆောင်ရွက်နိုင်ရန် ခွင့်ပြုခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

မိမိတို့အနေဖြင့် လူ့အခွင့်အရေးကောင်စီ အပါအဝင် နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် စိတ်ပိုင်းဖြတ်မှုကို ထပ်မံအတည်ပြုသည့်အနေဖြင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာကွင်တားနားကို မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် အဖြစ် ၂၁-၈-၂၀၁၁ မှ ၂၅-၈-၂၀၁၁ ရက်နေ့အထိ လာရောက်ရန် လက်ခံခဲ့ပါတယ်။ ၎င်းသည် ခရီးစဉ်အတွင်း လွှတ်တော်အစည်းအဝေးများ ကျင်းပနေမှုကို လေ့လာခဲ့ပြီး အစိုးရအဆင့်မြင့် အရာရှိကြီးများအပါအဝင် သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် တွေ့ဆုံခွင့်ရရှိခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယရဲချုပ်၊ သမ္မတ၏ အကြံပေးအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များက မစ္စတာကွင်တားနားအား လက်ခံတွေ့ဆုံခဲ့ပါတယ်။

မစ္စတာကွင်တားနားအနေဖြင့် ၎င်း၏ ခရီးစဉ်အပြီးတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး ပြောကြားရာမှာ ယခုခရီးစဉ်သည် တိုးတက်သည့်ရလဒ်ကောင်းများ ရှိခဲ့ကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ၏ အားထုတ်ဆောင်ရွက်ချက်များအပေါ် အားပေးအားမြှောက်ပြုသင့်ကြောင်းကို ပြောကြားခဲ့ပါတယ်။

**မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေး အထူးအစီရင်ခံစာတင်သွင်းသူနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ လူ့အခွင့်အရေး အထူးအစီရင်ခံစာတင်သွင်းသူအနေနှင့်လည်း ၎င်း၏ တွေ့ရှိမှုများကို ကုလသမဂ္ဂသို့ အစီရင်ခံစာတင်သွင်းရာတွင် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက် အမှတ် ၆၀/၂၅၀(၁၅-၃-၂၀၀၆) တွင် ပြဋ္ဌာန်းထားသည့် "မှု"များဖြစ်သည့် မှန်ကန်မှု၊ မျှတမှု၊ ခွဲခြားမှု မရှိခြင်းနှင့် အပြုသဘောစေ့စပ်ညှိနှိုင်းခြင်းစသည်များနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။**

**သဘာပတိကြီးခင်ဗျား-**

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတ က ရှင်းလင်းစွာ ပြောကြားထားပါတယ်။ နိုင်ငံတော်ရဲ့အကျိုးအတွက် သယ်ပိုးဆောင်ရွက်လိုသူ မည်သူမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံရေးဆောင်ရွက်ချက်များကို ပြုလုပ်နိုင်ပါတယ်။ လွှတ်တော်သည်သာ အနာဂတ်နိုင်ငံရေးနှင့် ပြည်သူများ၏ ကိစ္စရပ်များကို ဆွေးနွေးဖြေရှင်းရန် အသင့်လျော်ဆုံးနေရာ ဖြစ်ပါတယ်။

**အစိုးရသည် စိတ်ကောင်းစေတနာရှိသူများဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုရရှိရန် ဆောင်ရွက်နေပြီး ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပါတယ်။ အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် အမြင်ကွာဟချက်များကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။**

မကြာသေးမီကလည်း ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် (၂)ကြိမ် တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံရာတွင် ၎င်းတို့သည် တရားဥပဒေစိုးမိုးရေး၊ သဘောထားကွဲလွဲမှုများ ပပျောက်ရေးနှင့် အမျိုးသားအကျိုးစီးပွားများ သယ်ပိုးရေးစသည့်ကိစ္စများကို ဆွေးနွေးခဲ့ပါတယ်။ ပြည်သူများ၏ အကျိုးအတွက် တည်ငြိမ်မှုရှိရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရန်၊ ဒီမိုကရေစီဖြစ်ထွန်းရေးနှင့် လူမှုစီးပွားရေးကဏ္ဍများတွင် တိုးတက်မှုများရရှိရန် စသည့်အချက်များအပေါ်တွင် သဘောတူညီမှုများ ရရှိခဲ့ပါတယ်။

**နိုင်ငံတော်သမ္မတ ကိုယ်တိုင်ကလည်း ၁၉-၈-၂၀၁၁ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခဲ့ပြီး မတူညီသည့် သဘောထားအမြင်များကို ဘေးဖယ်ကာ နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးအတွက် နှစ်ဖက်စလုံးက လက်ခံနိုင်သည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် ဆွေးနွေးခဲ့ကြပါတယ်။**

**သဘာပတိကြီးခင်ဗျား-**

ယခုအခါ မြန်မာနိုင်ငံသည် ခေတ်သစ်သို့ ဝင်ရောက်နေပြီဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသည့်အစိုးရသစ်သည် အမျိုးသားရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်ရန် တည်ဆောက်နေပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် တိုးတက်မှုများကို စနစ်တကျနှင့် ထင်ရှားစွာ ပိုမိုတွေ့မြင်နိုင်ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် ပြောင်းလဲနေပြီး ပြောင်းလဲမှုများသည် အမှန်အကန် တိုးတက်မှုများဖြစ်ပါတယ်။ ယခုကဲ့သို့ အသွင်ကူးပြောင်းရေးကာလတွင် မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများနှင့် မလွတ်ကင်းနိုင်ပါဘူး။ ယင်းကဲ့သို့ အရေးကြီးသည့် အနေအထားမျိုးတွင် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အားပေးကူညီမှုပြုခြင်းဖြင့် ပံ့ပိုးကူညီမှုများ ပြုလုပ်ရန်လိုပါတယ်။ **ကျေးဇူးတင်ပါတယ်။** ။

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၁၅

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် သုည ဒသမ ၉၁ လက်မ၊ ကျိုက်မရောမြို့တွင် ၄ ဒသမ ၄၄ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၂၂ လက်မ၊ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ မောင်တောမြို့နှင့် ပေါင်မြို့တို့တွင် ၃ ဒသမ ၄၃ လက်မစီ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၂၇ လက်မနှင့် ပလက်ဝမြို့တွင် ၂ ဒသမ ၇၂ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

**မနက်ဖြန်ညနေအထိခန့်မှန်းချက်** ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်** ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၅**

**စစ်တောင်းမြစ်ရေ**သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၅၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅၇ စင်တီမီတာ (၁ ဒသမ ၈ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်ရေ**သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၅၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈ စင်တီမီတာ (သုည ဒသမ ၃ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ (သတင်းစဉ်)

# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ထမ်းကောင်းများပီသစွာ ကြိုးစားဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၅

**သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် စက်တင်ဘာ ၁၄ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော အရာရှိများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိစေရန်နှင့် ထူးချွန်ထက်မြက်သော ဝန်ထမ်းကောင်းဖြစ်စေရန် ကြိုးစားအားထုတ်ကြရန်၊ မိမိတို့၏ အရည်အသွေးကို မြင့်သည်ထက်မြင့်အောင်မြှင့်တင်ကြရန်၊ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပြီး စိတ်တူကိုယ်တူ လုပ်ငန်းတူအစုအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ရာ၌ ဝန်ကြီးဌာန၏ အဓိကတာဝန် (၃)ရပ်ဖြစ်သည့် စည်းရုံးသူ (Organizer)၊ ပညာပေးသူ (Educator)၊ ထိန်းကျောင်းကြပ်မတ်သူ (Regulator) များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရန်၊ ဥပဒေလုပ်ထုံးလုပ်နည်း စည်းမျဉ်းများအတိုင်း တိတိကျကျဆောင်ရွက်ကြရန်နှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းကောင်းများပီသစွာ ဝန်ကြီးဌာနအကျိုး၊ နိုင်ငံတော်အကျိုးကို ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုက သင်တန်းသား ၅၃ ဦးအတွက် သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)



# လုပ်သားအင်အားအသုံးပြု စက်ရုံ၊ အလုပ်ရုံများ ကျေးလက်ဒေသများ၌ထူထောင်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၅**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး**(အပေါ်ပုံ)** သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး၊ လူမှုဖူလုံရေး၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးတွင် လုပ်သားအင်အားကို အဓိကအသုံးပြုဆောင်ရွက်သော စက်ရုံ၊ အလုပ်ရုံများ ကျေးလက်ဒေသများ၌ ထူထောင်ရေးတို့နှင့်စပ်လျဉ်း၍ အတွေ့အကြုံမျှဝေရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# လူကုန်ကူးမှုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူ ၂၄ နာရီ ဆက်သွယ်နိုင်သည့် အရေးပေါ်ဖုန်းနံပါတ် ထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၁၅**

လူကုန်ကူးမှုများနှင့် ပတ်သက်သည့် အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်း အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး (ယခင်ပြည်ထဲရေးဝန်ကြီးဌာန အဆောက်အအုံဟောင်း) ရှေ့တွင် ကျင်းပသည်။

လူကုန်ကူးမှုအသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းနှင့်အတူ လူကုန်ကူးမှုဆိုင်ရာ သတင်းအချက်အလက်များ ၂၄ နာရီ ပေးပို့ဆက်သွယ် တိုင်ကြားနိုင်သည့် အရေးပေါ် ဖုန်းနံပါတ်များကိုလည်း ထုတ်ပြန်ခဲ့သည်။

ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များမှာ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့ ဖုန်း-၀၉-၄၉ ၅၅၅ ၆၆၆၊ မန္တလေး ဖုန်း- ၀၉-၄၉၅၅၅ ၇၇၇၊ ရန်ကုန် ဖုန်း-၀၉-၄၉၅၅၅ ၈၈၈၊ ၀၉၄၉-၅၅၅ ၉၉၉ တို့ဖြစ်ကြောင်းသိရသည်။

ထို့အပြင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့ရုံးတို့မှ တပ်ဖွဲ့ဝင်အင်အား ၁၂၀ တို့အား လူကုန်ကူးမှု အန္တရာယ် အသိပညာပေးဟောပြောခဲ့ရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီးရာလျန်မုန်း၊ သတင်းတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းနှင့် တာဝန်ရှိသူများ၊ UNIAP (Myanmar) နှင့် World Vision (Myanmar) ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(၀၀၁)

# IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စာမေးပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ၌ IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) က ကြီးမှူး၍ ITPEC စာမေးပွဲများမှ Applied IT Engineer Exam.၊ Fundamental IT Engineer Exam. နှင့် IT Passport Exam. များကို အောက်တိုဘာ ၂၃ ရက်တွင် စစ်ဆေးကျင်းပမည်ဖြစ်သည်။

ဖော်ပြပါစာမေးပွဲများသို့ တက္ကသိုလ်ဝင်တန်းအောင်ပြီး IT စိတ်ပါဝင်စားသည့် ကျောင်းသား၊ ကျောင်းသူများ၊ IT Knowledge အခြေခံရှိသူများ၊ လက်တွေ့နယ်ပယ်တွင် IT ပညာရပ်ကို အသုံးပြု၍ လုပ်ငန်းလုပ်ကိုင်နေသူများအားလုံး ဖြေဆိုနိုင်သည်။

စာမေးပွဲဖြေဆိုလိုသူများသည် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဖုန်း-၆၅၂၃၀၇ နှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။

(သတင်းစဉ်)





# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆွေးနွေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ စစ်ဆေးရေးမှူး(၃) ဦးမျိုးအောင်လင်းနှင့်အမှတ်(၃)ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူးမြင့်အောင်တို့ပါဝင်သော အဖွဲ့သည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် ရန်ကုန်ပညာရေးတက္ကသိုလ်ရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၁၈၀ အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပို့ချပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပို့ချခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၃၀၀ တက်ရောက်ကြကြောင်းသိရသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

# ရေဘေးသင့်ကျေးရွာများအတွက် ဆန်၊ စားသောက်ဖွယ်ရာနှင့် ဆေးဝါးများလှူဒါန်း

**ရေတာရှည် စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ရေကြီးမှုကြောင့် မြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများရှိနေရာ ရေတာရှည်မြို့နယ်မှ တာဝန်ရှိသူများနှင့် စေတနာရှင်များက ဆန်နှင့် စားသောက်ဖွယ်ရာများ၊ ဆေးဝါးများ ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ရေဘေးအများဆုံးခံခဲ့ရသည့် သာဂရမြို့အရှေ့ ဝဲဒေါင့်ကျေးရွာအုပ်စုအတွင်းရှိ ကျူဇောင်း၊ ဝဲဒေါင့်၊ ချောင်းကျိုး၊ ရွာသစ်၊ အေးသုခ၊ ကျောင်းကုန်း၊ ငှက်ပျောတောကျေးရွာများရှိ လူဦးရေပေါင်း ၂၇၂၀ အတွက် ကျူဇောင်းကျေးရွာ အောင်မင်္ဂလာဓမ္မရိပ်သာကျောင်း ဆရာတော်ဘဒ္ဒန္တ ဦးဝိမလာစာရ ဦးစီး၍ စေတနာရှင်များက ဆန် ၅၇၉ တင်း၊ ဆီနှင့်အခြားသော စားနပ်ရိက္ခာဆေးဝါး ကာလတန်ဖိုး ၆၃၀၄၇၄၆ ကို ပေးဝေခဲ့သည်။

စက်တင်ဘာ ၁၅ ရက်တွင် တောင်ငူမြို့ ရီရှင်းလယ်ယာသုံးပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီမှ တာဝန်ခံ ဦးအေးနိုင် ဦးဆောင်သောအဖွဲ့က သာဂရမြို့ ဝဲဒေါင့်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက် ဆန်အိတ် ၇၀၊ မားမားခေါက်ဆွဲထုပ် ဖာ ၃၀၊ အဝတ်အထည်များကို ကျူဇောင်းဆရာတော် ဦးဝိမလာစာရကတစ်ဆင့် လှူဒါန်းခဲ့သည်။ရေတာရှည်မြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးမောင်မောင်သက်နှင့် ဦးသိန်းမြင့်ထွန်းတို့က ငါးခြောက် အချိန် ၁၆ ပိဿာ၊ ဆွာမြို့ (၇)ရပ်ကွက်နေ ဒေါ်စန်းရီ မိသားစုက ဆန် ၂၈ အိတ်၊ ဆီပိဿာ ၃၀ တို့ကို လှူဒါန်းခဲ့သည်။

ထို့နောက် ရေဘေးသင့် ကျေးရွာများဖြစ်သော ဆွာမြို့အရှေ့ ရွှေကဇောင်းကျေးရွာတွင် ရီရှင်းကုမ္ပဏီက ဆန်အိတ် ၄၀နှင့် အဝတ်အထည်များ၊ ခေါက်ဆွဲခြောက်ထုပ်များကိုလည်းကောင်း၊ ရေတာရှည်မြို့အရှေ့ ကွဲရိုးပြင်ကျေးရွာအတွက် ဆန်အိတ် ၄၀၊ ခေါက်ဆွဲခြောက်နှင့် အဝတ်အထည်များကို လည်းကောင်း လှူဒါန်းခဲ့သည်။

ဆွာမြို့ နယ်မြေခံတပ်ရင်း မိသားစုများက ဆန်ရှစ်အိတ်နှင့်မာမီးခေါက်ဆွဲခြောက်နှစ်ဖာကို ရွှေကဇောင်းကျေးရွာအတွက် လှူဒါန်းခဲ့ပြီး အရာရှိ ဦးဆောင်သည့် ဆေးအဖွဲ့က ကျေးရွာအတွင်း မကျန်းမမာဖြစ်နေသူများအား အိမ်တိုင်ရာရောက် ဆေးဝါးကုသပေးခဲ့သည်။ ၎င်းနောက် ဆွာမြို့ အုပ်ချုပ်ရေးမှူးရုံး မိသားစုက ဆန် ၁၀ အိတ်၊ ဆီ ၁၀ ပိဿာ၊ ဆွာမြို့ ပရဟိတလူငယ်များအဖွဲ့မှ ဆန်လေးအိတ်နှင့် အာလူး အချိန်၂၀၊ မားမားခေါက်ဆွဲခြောက် အထုပ် ၁၂၀ ကို ရေဘေးသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းခဲ့သည်။

စစ်တောင်းမြစ်ရေမှာ လျော့ကျလာနေသော်လည်း မိုးမှာအဆက်မပြတ်ရွာသွန်းနေကြောင်း၊ ရေဘေးကြုံတွေ့နေရသည့် ကျေးရွာများအတွက် စေတနာရှင်များကလည်း နေ့စဉ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)



# သိမ်ဖြူခုံးကျော်တံတားပေါ်က အပေါက်တစ်ပေါက် ပြုပြင်ရန်လိုအပ်

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မီးရထားလမ်းခုံးကျော်တံတားသည် ခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်ကြီး၊ ယာဉ်ငယ်ပေါင်းစုံ၊ ကိုယ်ပိုင်ယာဉ်နှင့် ကုန်တင်ယာဉ်အမျိုးမျိုး၊ အနေးယာဉ်အမျိုးမျိုး နေ့ညမပြတ် ဖြတ်သန်းသွားလာနေသည့် ခုံးကျော်တံတားဖြစ်သည်။

၎င်းတံတားပေါ်တွင် စက်ဝိုင်းပုံသဏ္ဌာန် အပေါက်တစ်ပေါက် ဖြစ်ပေါ်နေသည်မှာ ၁၀ စုနှစ် တစ်ဝက်နီးပါးမကရှိနေပြီ ဖြစ်ကြောင်း၊ ပြုပြင်ဖာထေးခြင်း မရှိသည်မှာ ငါးနှစ်ကျော်ကြာပြီဖြစ်ကြောင်း အနီးတွင် နေထိုင်သူတစ်ဦးက ဆိုသည်။

သိမ်ဖြူလမ်းအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ မောင်းနှင်သည့် မော်တော်ယာဉ်များ ယင်းအပေါက်ကြီးကို သတိမမူမိဘဲ တည့်တည့်ကျော်ဖြတ်မိပါက ဆိုးကျိုးများ ကြုံတွေ့ရမည်မှာ ဧကန်ဖြစ်သည်။

အပေါက်ကြီး၏ ဘေးနားတွင်မူ ယခင်က "ပြုပြင်ရန်---ဖြည်းဖြည်းမောင်း" ဟူသော သတိပေးဆိုင်းဘုတ်ကို ထောင်ပြထားသည်။ ယခုအခါ "ပြုပြင်ရန်" စာသားနေရာကို အနီရောင်စတေကာ အပြည့်ဖုံးအုပ်ထားပြီး "ဖြည်းဖြည်းမောင်း" ဟူသည့် စာသားသာ ကျန်တော့သည်။

၎င်းအပေါက်ကို ပြုပြင်ဖာထေးလိုက်ပါက အများပြည်သူနှင့် ယာဉ်အန္တရာယ်ကင်းဝေးသွားမည်ဖြစ်ကြောင်း ကြုံတွေ့နေရသူများက ပြောကြားလျက်ရှိသည်။

(ကိုအောင်)

# ရွှေဘို-မြစ်ကြီးနားလမ်း စီမံကိန်းတစ်လျှောက် လမ်းမကြီးများဥပဒေကို ဒေသခံများ နားလည်ရန်လို

**အင်းတော် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီက ဆောင်ရွက်နေသော ရွှေဘို-မြစ်ကြီးနားလမ်း စီမံကိန်းအတွင်း အင်းတော်မြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု ဗုဓလက်ကျေးရွာ မိုင်တိုင်အမှတ် ၁၂၁/၄-၅ကြား၌လမ်းမကြီးများဥပဒေအရ စီမံကိန်းဆောင်ရွက်နေသည့် လမ်းနယ်နိမိတ်မှာ လမ်း၏ဗဟိုမှ တစ်ဖက်တစ်ချက် ၇၅ ပေစီရှိသော ဥပဒေကို နားမလည်မှုကြောင့် မလိုလားအပ်သော ထွန်ယက်စိုက်ပျိုးမြေအမှတ်ဖြင့် လုပ်ကိုင်ကြကြောင်း လမ်းအင်ဂျင်နီယာတစ်ဦးက ပြောသည်။

"ရွှေဘို-မြစ်ကြီးနားလမ်း စီမံကိန်းလမ်းတစ်လျှောက်ရှိ လမ်းမကြီးဘေး လမ်းနယ်နိမိတ်အတွင်း အခိုင်အမာ လူနေအဆောက်အအုံများ ဆောက်လုပ်နေထိုင်ခြင်း၊ ချောင်းမြောင်းများ၏ ရေဝင်နှင့်ရေထွက်ဧရိယာအတွင်း သစ်ပင် ဥယျာဉ်များ စိုက်ပျိုးခြင်းတို့ကြောင့် စီမံကိန်းဆောင်ရွက်သောအခါ အဆောက်အအုံများကို နောက်ဆုတ်ပေးရခြင်းမျိုး ရှိကြောင်း၊ တံတားကြီးများအား သစ်သားတံတားမှ ကွန်ကရစ်တံတားအဖြစ်သို့ ပြုပြင်တည်ဆောက်သည့်အခါ တံတားချဉ်းကပ်လမ်းနှစ်ဖက်တွင် လုပ်ငန်းခွင်ဧရိယာနှင့် မလွတ်ကင်းသော အဆောက်အအုံများအား ရွှေ့ပြောင်းဖယ်ရှားပေးရခြင်းမျိုးရှိကြောင်း၊ ယင်းကိစ္စမျိုး မဖြစ်ပေါ်စေရန်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြေစာရင်းဌာန၊ စိုက်ပျိုးရေးဌာနနှင့် ရပ်ကွက်/ကျေးရွာ/မြို့နယ် အဖွဲ့အသီးသီးက စီမံကိန်းလမ်းတစ်လျှောက်ရှိ ပြည်သူများ နားလည်သိရှိ သဘောပေါက်စေရန်၊ စီမံကိန်းလုပ်ငန်းများ မဆောင်ရွက်မီ သတ်မှတ်ဧရိယာများကို ကြိုတင်သိရှိနားလည်ကြစေရန် လမ်းတံတားဥပဒေများကို အသိပေးထားသင့်ကြောင်း၊ သို့မှသာ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သော အဖွဲ့အစည်းများနှင့် ပြည်သူများ နားလည်နိုင်ကြမည်ဖြစ်ကြောင်း" တာဝန်ခံအင်ဂျင်နီယာက ပြောကြားသည်။

(၂၃၃)

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

# သွေးအစားထိုးကုသမှုခံရသူ အိန္ဒိယကလေးများ အိတ်ချ်အိုင်ဗွီပိုးရပ်စ်ပိုး ကူးစက်ခံခဲ့ရ

**အမီဒါဘတ်ဒ် စက်တင်ဘာ ၁၅**

အိန္ဒိယနိုင်ငံ အစိုးရဆေးရုံတစ်ရုံ၌ သွေးအစားထိုးကုသမှု ခံယူနေရသော ရောဂါသည် ကလေးအနည်းဆုံး ၂၃ ဦးတို့သည် ခုခံအားကျဆင်းမှုရောဂါ ဗိုင်းရပ်စ်ပိုး (အိတ်ချ်အိုင်ဗွီ) ကူးစက်ခံခဲ့ရခြင်းကြောင့် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း အိန္ဒိယအာဏာပိုင်များက စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

အိတ်ချ်အိုင်ဗွီပိုင်းရပ်စ်ပိုး ကူးစက်ခံခဲ့ရသော ကလေးများသည် အသက်ငါးနှစ်မှ ၁၀ နှစ်အကြား အရွယ်များဖြစ်ကြသည်။

၎င်းကလေးငယ်များသည် အချိန်မှန် သွေးအစားထိုးကုသရန် လိုအပ်သော ရှားပါးရောဂါတစ်မျိုးဖြစ်သည့် မျိုးရိုးဗီဇဖောက်လွဲဖောက်ပြန်ဖြစ်မှုရောဂါ ခံစားနေရသူများဖြစ်ကြသည်။

အဆိုပါ ကလေးများသည် အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ် ဂျူနာဂါးခရိုင်ရှိ ပြည်သူ့ဆေးရုံတစ်ရုံ၌ သွေးအစားထိုးကုသမှုခံယူခဲ့ရသူများဖြစ်ကြောင်း ၎င်းတို့၏ မိဘမောင်ဖွားများက ပြောကြားခဲ့သည်။

အိတ်ချ်အိုင်ဗွီပိုင်းရပ်စ်ကူးစက်ခံခဲ့ရသူ ကလေး ၂၃ ဦးလုံးသည် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအကြား ကာလအတွင်း သွေးအစားထိုးကုသမှု ခံယူခဲ့ရသူများဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ကလေးများသည် အခြားသော ဆေးရုံ၊ ဆေးခန်းများ၌ သွေးအစားသွင်းကုသမှုခံယူပြီးနောက် အိတ်ချ်အိုင်ဗွီပိုင်းရပ်စ် ကူးစက်ခံခဲ့ရဖွယ်ရှိကြောင်း ဂူဂျာရတ်ပြည်နယ် ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။

သို့ရာတွင် ဝေဒနာရှင်ကလေးများ၏ မိဘများကမူ အစိုးရဆေးရုံ၌ အသုံးပြုခဲ့သည့် သန့်ရှင်းမှုမရှိသော သွေးများကြောင့် အိတ်ချ်အိုင်ဗွီပိုင်းရပ်စ်ကူးစက်ခဲ့ခြင်းဖြစ်ကြောင်း ပြစ်တင်ပြောကြားခဲ့သည်။ ***အင်တာနက်။***

# ဆောင်းကုံကုမံအပွင့်များ ကင်ဆာရောဂါကုထုံးများအတွက် အခြေခံပရဆေးဖြစ်လာနိုင်



*ဗြိတိသျှ မျိုးရင်းဝင် ဆောင်းကုံကုမံအပွင့်များ။*

**လန်ဒန် စက်တင်ဘာ ၁၅**

ကင်ဆာရောဂါကုထုံးများ ပိုမိုထိရောက်စေရေးအတွက် ဆောင်းကုံကုမံခေါ် အပင်မျိုးစိတ်များ၏ ဆေးဖက်ဝင်အာနိသင်ကို ထိန်းချုပ်အသုံးပြု၍ ရနိုင်ဖွယ်ရှိကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

ဆောင်းကုံကုမံအပွင့်များမှရရှိသော ဆေးဖက်ဝင်အာနိသင်များအား အခြေခံ ထုတ်ဖော်ထားသည့် ကင်ဆာရောဂါကုထုံးသစ်ကို လက်တွေ့ကျကျ စတင်စမ်းသပ်အသုံးပြုရန် ဆေးပညာရှင်သုတေသီများက သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဆောင်းကုံကုမံအပွင့်များအား အခြေခံသော Colchicine အမည်ရှိ ကင်ဆာရောဂါကုထုံးသည် ကင်ဆာရောဂါအမျိုးမျိုး၊ အထူးသဖြင့် အကျိတ်ကင်ဆာရောဂါများ ဖြစ်ပွားမှုအရှိန်ကို နှေးကွေးစေပြီး လုံးလုံးလျားလျား ပျောက်ကင်းစေနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗြိတိသျှမျိုးရင်းဆောင်းကုံကုမံပင်များကို မီးလောင်နာများ ကုသရာတွင် အသုံးပြုနိုင်သော ပရဆေးပင်များအဖြစ် ရှေးခေတ်ဆေးကျမ်းများ၌ ရည်ညွှန်းဖော်ပြသည်။

ဆောင်းကုံကုမံပင်များ၌ ကင်ဆာရောဂါတိုက်ဖျက်နိုင်သော အာနိသင်အပါအဝင် အခြားသော ဆေးဖက်ဆိုင်ရာ ဂုဏ်သတ္တိများရှိသည့် Colchicine ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုး ပါဝင်သည်။

သို့ရာတွင် Colchicine ဓာတုဒြပ်ပေါင်းသည် လူ့ခန္ဓာကိုယ်၏ အခြားသော တစ်သျှူးအစိတ်အပိုင်းများအား အဆိပ်သင့်နိုင်စွမ်းရှိသောကြောင့် ယင်းအပင်များအား ဆေးဘက်ဆိုင်ရာ ကုထုံးအဖြစ် အသုံးပြုမှုကို ကန့်သတ်ထားသည်။

ဗြိတိန်နိုင်ငံ ဘရက်ဖို့ဒ်တက္ကသိုလ် ကင်ဆာကုထုံးများဆိုင်ရာဌာနက Colchicine မော်လီကျူးများ ကင်ဆာအဖုအကျိတ်များအတွင်း ပျံ့နှံ့ရောက်ရှိပြီး ခန္ဓာကိုယ်အတွင်း တုံ့ပြန်ဓာတ်ပြုမှုမဖြစ်ပေါ်စေရန် ပြောင်းလဲဖန်တီးခဲ့သည်။ ***အင်တာနက်။***





*တာလီဘန်စစ်သွေးကြွများ ခံကတုတ်ပြုလုပ်ထားခဲ့သော အဆောက်အအုံတစ်လုံးကို လုံခြုံရေးတပ်ဖွဲ့များ စက်တင်ဘာ ၁၃ ရက်တွင် ရှင်းလင်းစဉ်။*

# ပါကစ္စတန်အခြေစိုက်စစ်သွေးကြွများ၏ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများအတွက် လိုအပ်သောအရေးယူဆောင်ရွက်မှုများ လုပ်ဆောင်မည်ဟု အမေရိကန်သတိပေး

ဝါရှင်တန် စက်တင်ဘာ ၁၅

**ပါကစ္စတန်နိုင်ငံအတွင်း ခိုလှုံပုန်းအောင်းနေကြသော အစွလာမ္မစ်စစ်သွေးကြွများသည် နယ်စပ်ဖြတ်ကျော်၍ အာဖဂန်နစ္စတန်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိရာ အမေရိကန်ပြည်ထောင်စုနှင့် ပါကစ္စတန်နိုင်ငံအကြား လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်မှုများမှာ အရာမထင်ဖြစ်နေကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ အမေရိကန်သံရုံးနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ဌာနချုပ်တို့ကို စစ်သွေးကြွလက်နက်ကိုင်များက စက်တင်ဘာ ၁၃ ရက်တွင် တိုက်ခိုက်ခဲ့ကြရာ လူ ၁၆ ဦး သေဆုံးခဲ့ရသည်။

**လုပ်ဆောင်ခဲ့**

အဆိုပါ တိုက်ခိုက်မှုကို အာဖဂန်နှင့် ပါကစ္စတန်နယ်စပ်အခြေစိုက် ဟတ်ကာနီကွန်ရက်ခေါ် အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်မှုရှိသည့် စစ်သွေးကြွအဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန်ဆိုင်ရာ အမေရိကန်သံအမတ် ရိုင်ဟန်ခရော့ခ်ကာက ပြောကြားခဲ့သည်။

အာဖဂန်စစ်မြေပြင်၌ တာဝန်ထမ်းဆောင်လျက်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ် လုံခြုံရေးအတွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် လိုအပ်သော အရေးယူဆောင်ရွက်မှုများအား လုပ်ဆောင်ရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာက ပါကစ္စတန်နိုင်ငံကို သတိပေးပြောကြားခဲ့သည်။

**နားလည်ထားရမည်ဖြစ်**

အာဖဂန်စစ်မြေပြင်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဘဝလုံခြုံရေးအတွက် မိမိတို့အနေဖြင့် တတ်အားသရွေ့ လုပ်ဆောင်သွားမည်ဟူသည့်အချက်ကို ပါကစ္စတန်အစိုးရအနေဖြင့် နားလည်ထားရမည်ဖြစ်ကြောင်း လီယွန်ပါနက်တာက ပြောကြားခဲ့သည်။ ***အင်တာနက်။***

# သမုဒ္ဒရာများပူနွေးလာမှုကြောင့် ဗက်တီးရီးယားများ ပိုမိုပြန့်ပွားလာနိုင်ဖွယ်ရှိ

**ဘရပ်ဆဲလ် စက်တင်ဘာ ၁၅**

ကမ္ဘာ့သမုဒ္ဒရာများ ပူနွေးလာခြင်းကြောင့် ဆိုးရွားသော ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပြီး ယင်းပြဿနာအားဖြေရှင်းရန် ကမ္ဘာ့နိုင်ငံများအနေဖြင့် ယူရိုငွေ သန်းပေါင်းများစွာ ကျခံသုံးစွဲရမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာ ၁၄ ရက်တွင် သတိပေးပြောကြားသည်။

သမုဒ္ဒရာရေပြင်များ ပူနွေးလာခြင်းကြောင့် ဗိုင်းရပ်စ်ပိုးအနွယ်ဝင် ဗက်တီးရီးယားပိုးမွှားများ ပေါက်ပွားပျံ့နှံ့လာနိုင်ပြီး အစာအဆိပ်သင့်မှု၊ သွေးအဆိပ်သင့်ရောဂါနှင့် ဝမ်းရောဂါကဲ့သို့သော ရောဂါဆိုးများ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

အဆိပ်သင့် ပင်လယ်စာများအား လူသားတို့အနေဖြင့် စားသောက်နေရခြင်းကြောင့် ကျန်းမာရေးဆိုင်ရာကဏ္ဍ၌ ယူရိုငွေသန်းပေါင်းများစွာ ကျခံသုံးစွဲရမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

သမုဒ္ဒရာရေပြင်များ ပူနွေးလာမှု၏ အကျိုးသက်ရောက်မှုအဖြစ် ရေခဲပြင်များ အရည်ပျော်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ ကမ်းရိုးတန်းဒေသများ ရေတိုက်စားခံရခြင်း၊ မုန်တိုင်းများဖြစ်ပေါ်မှု ကြိမ်ရေမြင့်တက်လာခြင်းနှင့် သမုဒ္ဒရာရေပြင်များအတွင်း အက်စစ်ဓာတ်ပါဝင်မှုနှုန်းမြင့်တက်လာပြီး အောက်ဆီဂျင်ပါဝင်မှု ကျဆင်းလာခြင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း ဥရောပတိုက် အဏ္ဏဝါဗေဒသိပ္ပံ ၁၇ ခုတို့ ပူးပေါင်းပြုစုခဲ့သော သုတေသနစာတမ်း၌ ဖော်ပြထားသည်။ ***အင်တာနက်။***

# ကျောရိုးချင်းဆက် အမြွှာကလေးနှစ်ဦးကို အောင်မြင်စွာ သီးခြားစီ ခွဲထုတ်ပေးနိုင်

မန်းဖစ် စက်တင်ဘာ ၁၅

**အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ်မှ ကျောရိုးချင်းဆက် အမြွှာကလေးနှစ်ဦးကို ၁၃ နာရီကြာ ခွဲစိတ်ကုသမှု ပြုလုပ်ပေးခဲ့ပြီးနောက် အောင်မြင်စွာ ခွဲထုတ်ပေးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများတွင် ဖော်ပြသည်။**

**ရှစ်လသားအရွယ်**

ကျောရိုးချင်းဆက် အမြွှာနှစ်ဦးမှာ ဂျိုရှပါနှင့် ဂျက်ကော့ စပိတ်ဟူ၍ အသီးသီးအမည်ရှိ ရှစ်လသားအရွယ် ကလေးများ ဖြစ်ကြသည်။

အဆိုပါကလေးနှစ်ဦးသည် မန်းဖစ်မြို့ရှိ ဆေးရုံတစ်ရုံ၌ စက်တင်ဘာ ၁၄ ရက်မှစ၍ နာလန်ထူလာပြီဖြစ်သည်။ ဩဂုတ် ၂၉ ရက်တွင် အမြွှာကလေးနှစ်ဦးကို ခွဲထုတ်ပေးနိုင်ရန် ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့သည်။

ကလေးခွဲစိတ် ကုသမှုဆရာဝန်ကြီးများ ၃၄ ဦးပါဝင်သော အဖွဲ့က အမြွှာကလေးနှစ်ဦး၏ ကျောရိုး၊ အာရုံကြောများနှင့် ကြွက်သားများကို သီးခြားစီ ခွဲထုတ်ပေးခဲ့ပြီး အူလမ်းကြောင်းဆိုင်ရာ ပြုပြင်မှုများကို ပြုလုပ်ပေးခဲ့သည်။

**တွဲဆက်နေ**

အဆိုပါကလေးနှစ်ဦးသည် တင်ပါးဆုံနှင့် ကျောရိုးအောက်ပိုင်း၌ ကျောချင်းကပ်အနေအထားဖြင့် တွဲဆက်နေခဲ့သည်။ သို့ရာတွင် နှလုံး၊ ဦးခေါင်းနှင့် ခြေလက်တို့မှာ တသီးတခြားစီပါရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**ကျန်းကျန်းမာမာရှိ**

အမြွှာကလေးနှစ်ဦးမှာ ယောက်ျားလေးများဖြစ်ကြပြီး ခွဲစိတ်ကုသမှုခံပြီးနောက် ကျန်းကျန်းမာမာဖြင့်ရှိနေသည် သာမက ခြေထောက်များကို အသုံးပြုနိုင်ပြီး ခုတင်ပေါ်တွင် တွားသွားကာ သွားလာနိုင်သည်ကို တွေ့ရကြောင်း မိခင်ဖြစ်သူ အက်ဒရင်းစပိတ်က ပြောကြားသည်။

ကိုယ်ခန္ဓာချင်းဆက် အမြွှာများမှာ အလွန်ရှားပါးပြီး မွေးဖွားမှုအကြိမ် ၁၀၀၀၀၀ လျှင် တစ်ကြိမ်သာဖြစ်ပေါ်လေ့ရှိသည်။ ***ဆင်ဟွာ။***

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆-၉-၂၀၁၁ (သောကြာနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "စိတ္တာနုပဿနာ"တရားတော် |
| ၆း၄၀ | ကလောမှာထင်ရှား "ရွှေဥမင်ဘုရား" |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂၈)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၇၀)** |
| ၈း၅၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအနုပညာအဖွဲ့၏ ဖျော်ဖြေပွဲ (အပိုင်း-၃) |
| ၉း၂၀ | ဒဂုံမြို့သစ်မြောက်ပိုင်း မဟာဂန္ဓာရုံကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ |
| ၉း၂၅ | Activities In The City |
| ၉း၄၀ | Movie Talk |
| ၁၀း၀၅ | ခေတ်မီသော ဝန်ဆောင်မှုများနှင့် အနာဂတ်ဟိုတယ်များဆီသို့. . . |
| ၁၀း၂၅ | Fashion Week |
| ၁၀း၅၀ | သူတို့ပြောတဲ့သူတို့အကြောင်း |
| ၁၁း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂း၀၅ | Organic ၏သက်သေပြချက် (၂၀၁၁) |
| ၁၂း၃၀ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ |
| ၁း၀၀ | "စိတ္တာနုပဿနာ"တရားတော် |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Style ရှိမှ Star ဖြစ်မယ် |
| ၃း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ နွေးထွေးသောမေတ္တာ အပိုင်း(၁၂၈)** |
| ၄း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ မာယာမျဉ်းပြိုင်အပိုင်း(၇၀)** |
| ၅း၁၀ | Activities In The City |
| ၅း၃၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ "နောက်တယ်နော်"ရိုက်ကွင်း အမှတ်တရ |
| ၅း၄၅ | Activities In The City |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | စပါးအထွက်တိုးခြင်းအစ ပျိုးပင်ကောင်းမှ |
| ၆း၃၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂၉)** |
| ၇း၂၀ | The Champion of Dance |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | VJ Choice |
| ၈း၅၅ | အနုပညာမိုးကောင်းကင် |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၇၁)** |
| ၁၀း၂၀ | Intellectual Talk (Urbanization in Myanmar) (Part-2) |
| ၁၀း၅၀ | နက္ခတ်ဗေဒ ပညာရပ်ဆိုင်ရာ သိကောင်းစရာဆွေးနွေးခန်း |
| ၁၁း၂၀ | ဂီတသရုပ်ပြခန်း |
| ၁၁း၄၀ | ဂီတစာဆို ဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ(အပိုင်း-၁) |
| ၁၂း၀၅ | World of Knowledge |
| ၁၂း၅၅ | ငှက်များစောင့်ကြည့်လေ့လာခြင်း |
| ၁း၀၅ | Celebrity Profile (Jet Li) |
| ၁း၃၀ | ဓာတ်ကြွင်းအာနိသင်ကင်းစေဖို့ တမာပိုးသတ်ဆေးသုံးကြစို့ |
| ၁း၅၀ | စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ |
| ၂း၀၅ | အားကိုးအားထား (ဖိုးသောကြာ၊ ဦးမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-ကောင်းမြတ်) |
| ၂း၂၀ | ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး Steel ပစ္စည်းအမျိုးမျိုး) |
| ၂း၅၀ | လှပသက်ဝင်ဖော့ပန်းပုရုပ်သွင် |
| ၃း၀၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄း၀၀ | သတင်းပေးလို့ဖော် တောင်ငူ ပဲကြော် ပဲလှော် |
| ၄း၁၀ | မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက် |
| ၄း၅၀ | ရွှေမန္တလေးမှ ရွှေပန်းထိမ် |
| ၅း၀၀ | အစီအစဉ်ပြီး။ |

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဂျပန်စီးပွားရေးကော်မတီ၊ အာရှနှင့် ပစိဖိတ်သမုဒ္ဒရာဆိုင်ရာစီမံကိန်းဌာန ဥက္ကဋ္ဌ Mr. Takashi Fujino နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဂျပန်စီးပွားရေးကော်မတီ၊ အာရှနှင့် ပစိဖိတ်သမုဒ္ဒရာဆိုင်ရာ စီမံကိန်းဌာန ဥက္ကဋ္ဌ Mr. Takashi Fujino နှင့်အဖွဲ့သည် ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေးခဲ့**

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလားအလာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



**နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဂျပန်စီးပွားရေးကော်မတီ၊ အာရှနှင့် ပစိဖိတ်သမုဒ္ဒရာဆိုင်ရာစီမံကိန်းဌာနဥက္ကဋ္ဌ Mr. Takashi Fujino နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားနေသော ဘင်္ဂလားပင်လယ်အော်အတွင်း ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအမှုအား အပြည်ပြည်ဆိုင်ရာ ပင်လယ်ဥပဒေတရားရုံး၌ ဥပဒေကြောင်းအရ ဖြေရှင်းလျက်ရှိရာတွင် မြန်မာနိုင်ငံဘက်က ယနေ့ စတင်လျှောက်လဲ

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားနေသော ဘင်္ဂလားပင်လယ်အော်အတွင်း ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအမှုအား အပြည်ပြည်ဆိုင်ရာ ပင်လယ်ဥပဒေတရားရုံး (International Tribunal for the Law of the Sea-ITLOS ) တွင် ရင်ဆိုင်ဖြေရှင်းလျက်ရှိရာ ပထမအကြိမ် ကြားနာစစ်ဆေးမှုများကို စတင်နေပြီဖြစ်ကြောင်း သိရှိရသည်။

အပြည်ပြည်ဆိုင်ရာ ပင်လယ်ဥပဒေတရားရုံးသည် ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် အခြေစိုက်ပြီး ပထဝီအနေအထားအရ ပိုင်းခြားထားသည့် နိုင်ငံများအုပ်စုမှ လွတ်လပ်သည့် နိုင်ငံတကာတရားသူကြီး ၂၁ ဦးဖြင့် ပါဝင်ဖွဲ့စည်းထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ပထမအကြိမ် တရားရုံးရှေ့မှောက် ကြားနာစစ်ဆေးမှုများကို (၈-၉-၂၀၁၁)ရက်မှ (၁၃-၉-၂၀၁၁)ရက်အထိ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံအတွက် ကြားနာမှုများကို ယနေ့စတင်ခဲ့သည်။ ယနေ့ကြားနာရာတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်ဖြစ်သော ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ပဏာမ မိန့်ခွန်းပြောကြားခဲ့ပြီး အဓိကအားဖြင့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရှိရင်းစွဲဖြစ်သော အိမ်နီးချင်းကောင်းပီသမှု၊ ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေပြုလျက် ပင်လယ်နယ်နိမိတ် သတ်မှတ်ရေးအမှုအား နှစ်နိုင်ငံသဘောတူညီချက်ဖြင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ဥပဒေတရားရုံးသို့ ပထမဦးဆုံးအကြိမ် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၈၂ ခုနှစ် ကုလသမဂ္ဂ ပင်လယ်ဥပဒေကွန်ဗင်းရှင်း၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အနုညာတခုံရုံး ဖွဲ့စည်းဖြေရှင်းသည့်နည်းလမ်းကို မကျင့်သုံးဘဲ တရားရုံးသို့ တင်သွင်းခြင်းဖြင့် မျှတသည့်ဆုံးဖြတ်ချက်အား ရရှိမည်ဟု မြန်မာနိုင်ငံက မျှော်လင့်ပါကြောင်း၊ တရားရုံးအပေါ် မြန်မာနိုင်ငံ၏ ယုံကြည်ကိုးစားမှုအား ပြသခြင်းလည်းမည်ပါကြောင်း၊ ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးနှင့် ပတ်သက်၍ တရားရုံးက ပထမဦးဆုံး ကြားနာသည့် အမှုဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအများအကြားတွင်လည်း အလားတူ ပင်လယ်နယ်နိမိတ် သတ်မှတ်ရေးအငြင်းပွားမှုများ ဖြစ်ပွားနေသည့် အားလျော်စွာ ဤအမှုအပေါ် ကမ္ဘာ့နိုင်ငံအများစုတို့က စိတ်ဝင်တစား လေ့လာစောင့်ကြည့်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အတွက်သာမက တရားရုံး၏ ပင်လယ်ဥပဒေသမိုင်းတွင်ပါ မော်ကွန်းစိုက်ထူမည်ဟု ဆိုနိုင်ပါကြောင်း၊ နိုင်ငံတကာတရားသူကြီးများ၏ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေး ဥပဒေနယ်ပယ်တွင် ကျွမ်းကျင်မှု၊ ဉာဏ်ပညာကြီးမြင့်မှုများဖြင့် ပေါင်းစည်းချမှတ်မည့် စီရင်ဆုံးဖြတ်ချက်သည် မျက်မှောက်ခေတ်ပင်လယ်ဥပဒေ၊ ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးဥပဒေတွင် မှတ်ကျောက်တင်နိုင်မည်ဟု မြန်မာနိုင်ငံက ယုံကြည်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာတရားရုံးများ၊ ခုံရုံးများက ရည်ညွှန်းကိုးကားနိုင်သည့် စီရင်ဆုံးဖြတ်ချက်များအဖြစ် တည်တံ့နေမည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအတွက် တရားမျှတသည့်ရလဒ် ပေါ်ထွက်စေရန် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ဥပဒေနယ်ပယ်တွင် ထင်ရှားကျော်ကြားသည့် ဥပဒေပညာရှင်များဖြစ်ကြသော Professor Alain Pellet, Professor at the University of Paris Ouest, Nanterre La Defense, Member and former Chairman of the International Law Commission, Associate Member of the Institute de droit international, France, Sir Michael Wood, K.C.M.G., Member of the English Bar, Member of the International Law Commission, United Kingdom, Professor Mathias Forteau, Professor at the University of Paris Ouest, Nanterre La Defense, France, Mr.Coalter Lathrop, Attorney- Advisor, Sovereign Geographic, Member of the North Carolina Bar, United States of America, Mr.Daniel Muller, Consultant in Public International Law, Researcher at the Centre de droit international de Nanterre (CEDIN), University of Paris Ouest, Nanterre La Defense, France, Mr. Benjamin Samson, Researcher at the Centre de droit international de Nanterre (CEDIN ), University of Paris Ouest, Nanterre La Defense, France, Mr.Eran Sthoegar, LL.M., New York University School of Law, NewYork, United States of America တို့က မြန်မာနိုင်ငံအား ကိုယ်စားပြုလျှောက်လဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၆-၉-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၂၅ ၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင်(ဒုတိယတန်း) အဆင့်] (အမျိုးသမီး)
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃း၁၅ ၁။ AFF U19 CHAMPIONSHIP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာနှင့် အင်ဒိုနီးရှား)
- ၅း၁၅ ၂။ တေးဂီတအစီအစဉ်
- ၅း၂၅ ၃။ ဝန်းကျင်တစ်ခွင်ကောင်းကျိုးပေး တီစွန့်ပစ်မြေဆွေး (အပိုင်း-၂)
- ၅း၃၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၄၅ ၅။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
- ၆း၀၀ ၆။ ညနေခင်းသတင်း
- ၆း၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၈။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇း၀၀ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန်အမွေဆိုင်" (အပိုင်း-၂၈)**
- ၈း၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ ဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း"
- ၁၄။ လျှပ်တစ်ပြက်ဟာသများ
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ဒုတိယပိုင်း) (အပိုင်း-၂)**
- ၁၆။ သီချင်းချစ်သူ (စန္ဒီမြင့်လွင်)
- ၁၇။ အစီအစဉ်ပြီး၏။

# ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)က ကြီးမှူးကျင်းပသော စဉ်ဆက်မပြတ် သွားဘက်ဆိုင်ရာ ဆေးပညာဟောပြောပွဲ အစီအစဉ်အရ စက်တင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ခန်းမ၌ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာစောထွန်းအောင်နှင့် သွားဖုံးရောဂါကုဆေးပညာဌာန ကထိက ဒေါက်တာအောင်ကျော်ဦးတို့က ဟောပြောကြမည်ဖြစ်ရာ သွားဘက်ဆိုင်ရာဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်သည်။ (သတင်းစဉ်)



# ပုဇွန်တောင်၌ ချေးငွေများ ထုတ်ချေး

**ရန်ကုန် စက်တင်ဘာ ၁၅**

ပုဇွန်တောင်မြို့နယ် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း ချေးငွေပေးအပ်ခြင်းကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းက ကျင်းပရာ**(ဝဲပုံ)** မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းသူရ၊ လုပ်ငန်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရှယ်ယာရှင်များတက်ရောက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ငွေချေးယူသူ ၉၀ အား ချေးငွေကျပ် ၁၆၈သိန်း ထုတ်ချေးခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

# BUSINESS PLAN CONTEST ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က BUSINESS PLAN CONTEST ပြိုင်ပွဲတစ်ရပ်ကို ဂျပန်နိုင်ငံ CIESF အဖွဲ့နှင့် ပူးပေါင်း၍ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကို အဆင့်(၂)ဆင့်ခွဲ၍ ပြုလုပ်သွားမည်ဖြစ်ပြီး Level A တွင် အသက်(၂၃)နှစ်အောက် မည်သူမဆိုပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ Level B တွင် အသက်(၂၈)နှစ်အောက်လူငယ်များအား ရည်ရွယ်သည်။ ပြိုင်ပွဲကို အဖွဲ့လိုက်အဖြစ် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး Level A ကို အဖွဲ့ဝင်နှစ်ဦးမှ လေးဦးအထိလည်းကောင်း၊ Level B အဆင့်ကို အဖွဲ့ဝင် နှစ်ဦးမှ သုံးဦးအထိလည်းကောင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

ပထမဆုကိုLevelA အား အမေရိကန်ဒေါ်လာ ၁၀၀၀၊ Level Bကို အမေရိကန်ဒေါ်လာ ၃၀၀၀ ချီးမြှင့်မည်ဖြစ်သည့်အပြင် ဒုတိယဆုနှင့် တတိယဆုများလည်း ချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် စက်တင်ဘာ ၂၆ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံနှင့်အတူ ပါဝင်ယှဉ်ပြိုင်မည့် BUSINESS PLAN အကျဉ်း ရေးသားပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက် (စနေနေ့)နံနက် ၉ နာရီတွင် ကုန်သည်/စက်မှုအသင်းချုပ်၌ ပြုလုပ်မည်ဖြစ်၍ မည်သူမဆို တက်ရောက်လေ့လာနိုင်သည်။

အသေးစိတ်သိလိုပါက ကုန်သည်/စက်မှုအသင်းချုပ် ဖုန်း-214344~ 49, Ext. 108 သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

# လှိုင်ဝချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**ကော့ကရိတ် စက်တင်ဘာ ၁၅**

ကော့ကရိတ်မြို့နယ် လှိုင်ဝကျေးရွာ လှိုင်ဝချောင်းအတွင်းသို့ ငါးရိက္ခာ တိုးပွားစေရေးနှင့် ငါးမျိုးများ ပြန့်ပွားစေရေး ရည်ရွယ်၍ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၃၁ ရက်က ကျင်းပရာ အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ ဌာနဆိုင်ရာများ၊ ပြည်နယ်/စခန်း ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ပြီး ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ တီလားပီးယား ငါးသားပေါက်ကောင်ရေ သုံးသိန်း မျိုးစိုက်ထည့်ခဲ့ကြသည်။

(ခရိုင်ပြန်/ဆက်)

**ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာ ရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၄ ရက်က မဏ္ဍုသကခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်း အသက်(၁၀)နှစ်အောက် တိုင်းဒေသကြီးအဆင့် ဘောလုံး တတိယ၊ ခရိုင်လက်ရွေးစင်နှင့် အားကစားဆု ငါးဆုရရှိသော စတုတ္ထတန်းမှ မောင်ဝင်းထွဋ်အား ဆုချီးမြှင့်စဉ်။** (ပညာရေး)



# နဝမမြောက် ဗန်းမော်ဆရာတော်ကြီး ဝိဇာတပူဇာနှင့် ဒေါက်တာကုမာရ ပညာတော်သင်ဖောင်ဒေးရှင်းဖွင့်ပွဲ ကျင်းပ

နေပြည်တော်　　စက်တင်ဘာ　　၁၅

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ နဝမမြောက် ဗန်းမော်ဆရာတော်ကြီး၏ သက်တော်(၈၂)နှစ်ပြည့် ဝိဇာတပူဇာနှင့် ဒေါက်တာကုမာရ ပညာတော်သင်ဖောင်ဒေးရှင်းဖွင့်ပွဲ ဉာဏပူဇာ မင်္ဂလာသဘင် အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက်၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မြတောင်တိုက်ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ပေါက်မြိုင်တိုက် အလယ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂိယသရိယာဘိဝံသနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ဇနီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပေါက်မြိုင်တိုက် အလယ်တိုက်ကျောင်း ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး အမှူးပြုသော တက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို သရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တက်ရောက်လာကြသူများနှင့် အလှူရှင်မိသားစုများက သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒေါက်တာကုမာရ ပညာတော်သင်ဖောင်ဒေးရှင်းအတွက် ဒေါက်တာကုမာရ ပညာတော်သင် ဖောင်ဒေးရှင်း၏ နာယကချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက မတည်အလှူတော်ငွေကျပ် သိန်း ၁၀၀၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး မိသားစုက အလှူငွေကျပ် ၁၀ သိန်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က အလှူတော်ငွေကျပ်သိန်း ၅၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိသားစုများက အလှူငွေကျပ်သိန်း ၂၀ နှင့် အလှူရှင်မိသားစုများက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံကြသည်။

ယင်းနေ့အခမ်းအနားတွင် ဒေါက်တာကုမာရ ပညာတော်သင် ဖောင်ဒေးရှင်း အတွက် အလှူရှင်များ၏ လှူဒါန်းငွေမှာ ငွေကျပ် ၄၂၇ သိန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



**အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) သို့ KOICA မှ အားကစားနှင့် ကာယပညာဆိုင်ရာ လေ့ကျင့်ရေး လမ်းညွှန်စာအုပ်များ လှူဒါန်းစဉ်။**
(သတင်းစဉ်)

## အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သို့ KOICA မှ အားကစားလေ့ကျင့်ရေးလမ်းညွှန်စာအုပ်များ လှူဒါန်း

**ရန်ကုန်　စက်တင်ဘာ　၁၅**

အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)သို့ KOICA မှ အားကစားနှင့် ကာယပညာဆိုင်ရာလေ့ကျင့်ရေးလမ်းညွှန် စာအုပ်များ လှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် KOICA မှ ဌာနေကိုယ်စားလှယ် Ms. Kim Tae Eun က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ကြီး ဦးတင်ဝင်းထံ အမေရိကန်ဒေါ်လာ ၁၄၀၀ တန်ဖိုးရှိ အားကစားနှင့် ကာယပညာဆိုင်ရာ လေ့ကျင့်ရေးလမ်းညွှန် စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

KOICA မှ တိုက်ကွမ်ဒိုနည်းပြသုံးဦး၊ Physical Education နည်းပြတစ်ဦး၊ သူနာပြုတစ်ဦးတို့အား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)သို့ ၂၀၀၆ ခုနှစ် မှစ၍ နှစ်နှစ်တစ်ကြိမ် လဲလှယ်စေလွှတ်ခဲ့ကြောင်း၊ ထို့အတူ ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၄၂၅ တန်ဖိုးရှိ တိုက်ကွမ်ဒိုအားကစား အထောက်အကူပြုပစ္စည်းများ၊ အဲယားကွန်းနှင့် ရေခဲသေတ္တာများ၊ ၂၀၀၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၀၀၀ တန်ဖိုးရှိ အားကစားအထောက်အကူပြုပစ္စည်း ၁၆ မျိုး၊ ၂၀၁၁ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၅၉၄၅၀ တန်ဖိုးရှိ အားကစားနည်းအားလုံးလေ့ကျင့်နိုင်မည့် လေ့ကျင့်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။　(သတင်းစဉ်)

## အင်္ဂါမျက်လုံးအပြုံးမျက်နှာ ဇာတ်ကားသစ်ရုံတင်

**ရန်ကုန်　စက်တင်ဘာ　၁၅**

မြန်မာရုပ်ရှင်ကားသစ် မျှော်လင့်နေကြသည့် ရုပ်ရှင်ချစ်ပရိသတ်များအတွက် ယခုသောကြာပတ် စက်တင်ဘာ ၁၆ ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ် **အင်္ဂါမျက်လုံး အပြုံးမျက်နှာ** ရုံတင်ပြသမည်ဖြစ်သည်။

ဤဇာတ်ကားကို သရဖဏ်ရုပ်ရှင် ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ပြီး မင်းအုပ်စိုးက ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် သရုပ်ဆောင် ဒါရိုက်တာအဖြစ် ဘက်ပေါင်းစုံမှ တာဝန်ယူရိုက်ကူးထားကာ တွဲဖက်ဒါရိုက်တာအဖြစ် နန္ဒကျော်နှင့် ကျော်မင်းမောင်တို့က တာဝန်ယူရိုက်ကူးထားကြသည်။ ဇာတ်လမ်း၏ ရည်ရွယ်ချက်မှာ မြန်မာ့အငြိမ့်သဘင် ရိုးရာအစဉ်အလာများ မတိမ်ကောမပပျောက်စေရန်နှင့် မြန်မာလူ့ရွှင်တော်များနှင့် အနုပညာရှင်များ၏ ဘဝကို ဒါရိုက်တာက ထင်ဟပ်တင်ပြထားသည့် ဇာတ်ကားဖြစ်သည့်နည်းတူ မောင်နှမချစ်ဖြစ်သည့် ၅၂၈ သွယ်သော အချစ်၏ အနှစ်သာရကို ပီပြင်စွာ ဖော်ကျူးထားသည့်ဇာတ်ကားတစ်ကား ဖြစ်သည်။ မင်းအုပ်စိုး၊ မော့စ်၊ ကုသိုလ်၊ ဧရာ၊ တိမ်ညွန့်၊ ကင်းကောင်၊ ပေါ်လေး၊ ပိစိ၊ လင်းဇာနည်ဇော်၊ ချိုပြုံးတို့ ခေါင်းဆောင်ပါဝင်ကြပြီး သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် Top Royal ရုံတို့တွင် ပြသမည်ဖြစ်သည်။ ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်တို့ပါဝင်သော **အိုင်လပ်ဖ်ယူ** ဇာတ်ကားမှာ ဝဇီရာနှင့် မဟာမြိုင်ရုံများတွင် ပြသမည်ဖြစ်ပြီး **အာဒမ်ရယ် ဧဝရယ် ဒသရယ်** ဇာတ်ကားမှာ နဝဒေးရုံတွင် ပြသမည်ဖြစ်ကာ **လာထားအာဘွား၂** မှာ ဝဇီရာ-၂ လှိုင်သာယာတွင် ပြသမည်ဖြစ်သည်။



**နိုင်ငံခြားရုပ်ရှင်**

ရွှေ့ဆောင်ရုံတွင် ပြသမည့် **CAPTAIN AMERICA** ဇာတ်ကားမှာ သိပ္ပံခေတ်လွန် ဇာတ်ကားတစ်ကားဖြစ်ပြီး ဂျာမနီနိုင်ငံတွင် အာဏာရှင်ဟစ်တလာတန်ခိုးထွားစဉ်ကာလက နာဇီသိပ္ပံဌာနခွဲမှ နော်ဝေနိုင်ငံ ရဲတိုက်ဟောင်းအတွင်းမှ ဂမ္ဘီရပစ္စည်းတစ်ခုကို ခိုးယူသွားခဲ့သည်မှ သည်းထိတ်ရင်ဖို ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို ရိုက်ကူးထားသည့် စွန့်စားမှုအသားပေး သိပ္ပံခေတ်လွန် ဇာတ်ကားဖြစ်ကာ နေပြည်တော်ရုံတွင် ပြသမည့် **RISE OF THE PLANET OF THE APES** ဇာတ်ကားမှာမူ မျိုးဗီဇ ပြုပြင်ခံထားရသည့် မျောက်ဝံများ၏ ဘဝကို စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

# အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ စက်တင်ဘာလ ၁၆ ရက်

**INTERNATIONAL DAY FOR THE PRESERVATION OF THE OZONE LAYER 16 SEPTEMBER**

**'အိပ်ချ်စီအက်ဖ်စီ သုံးစွဲမှုလျှော့ချရေး၊ အထူးအလေးထားပေး'**

**"HCFC phase-out:a unique opportunity"**

## ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြတ်စွယ်တော်အပူဇော်ခံပွဲ ကျင်းပမည်

**ပြည်　စက်တင်ဘာ　၁၅**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့သမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ တန်ဆောင်တိုင်ပွဲတော်နှင့် (၁၁၂)ကြိမ်မြောက် မြတ်စွယ်တော် အပူဇော်ခံပွဲကို (၁၃၇၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်) နိုဝင်ဘာ ၃ ရက်မှ ၁၂ ရက်အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

သို့ပါ၍ တန်ဆောင်တိုင်ပွဲတော်နှင့် မြတ်စွယ်တော်အပူဇော်ခံပွဲသို့ ဆိုင်ထွက်လိုသူမိတ်ဟောင်းများသည် ယမန်နှစ် ဖြတ်ပိုင်းနှင့် သတ်မှတ်ထားသည့် ဆိုင်ခန်းခငွေများကို (သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်) နိုဝင်ဘာ ၂၆ ရက်တွင် နောက်ဆုံးထားပေးသွင်းရန်နှင့် မိတ်သစ်များအား (တန်ဆောင်မုန်းလဆန်း ၂ ရက်) နိုဝင်ဘာ ၂၈ ရက်စ၍ နေရာချထားပေးမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၃-၂၅၁၈၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(၄၉၇)





## ၂၁ရာစု လူမှုဝေါဟာရများ(၆)

ဆရာမောင်ဆုရှင်၏ ၂၁ ရာစု လူမှုဝေါဟာရများ (၆) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ ဤဆောင်းပါးများတွင် ဝေါဟာရများကို ဘဝနှင့်ယှဉ်၍လည်းကောင်း၊ ခေတ်၏အရိပ်အဆင်တို့နှင့်လည်း ထင်ဟပ်၍ လည်းကောင်း လေ့လာကြည့်နိုင်သည်။ စာရေးသူသည် ၎င်းဝေါဟာရများကို နားလည်လွယ်ပြီး ဖတ်ရှုလေ့လာနိုင်အောင် အက်ဆေး(ခေါ်) စာမွန်မျိုးဖြင့် ရေးသားထားခြင်းဖြစ်သည်။ ထိုစာအုပ်ကို ဝယ်ယူလိုပါက မြဝတီစာပေတိုက် ဖုန်း-၀၁-၅၅၉၂၃၇၊ ၀၁-၅၄၄၈၉၄ တွင် ဝယ်ယူနိုင်သည်။

## အာကာသအဘိဓာန်



နွေကိုတူး(ပခုက္ကူ)၏ အာကာသ အဘိဓာန်စာအုပ်တွင် အာကာသသိပ္ပံ၊ နက္ခတ္တဗေဒ၊ ရူပနက္ခတ္တဗေဒ၊ စကြဝဠာဗေဒ၊ အာကာသနည်းပညာ၊ အာကာသ အတတ်ပညာ၊ လေကြောင်းအတတ်ပညာ စသည့် ဘာသာရပ်များနှင့် သက်ဆိုင်သော အင်္ဂလိပ်ဝေါဟာရများ၏ အနက်အဓိပ္ပာယ်၊ ရှင်းလင်းချက်၊ ဖွင့်ဆိုချက်များနှင့်အတူ နမူနာသုံးဝါကျများ၊ နေကြတ်ခြင်း၊ လကြတ်ခြင်း ဖြစ်ပေါ်ပုံအဆင့်ဆင့်၊ လဆန်း၊ လပြည့်၊ လဆုတ်ဖြစ်ပေါ်ပုံဖြစ်စဉ်နှင့် ဂြိုဟ်များ အဘယ်ကြောင့် နောက်ပြန်သွားရကြောင်း ရှင်းလင်းချက်များ ပါဝင်သည်။

ထို့ပြင် အာကာသသွား ဒုံးပျံအမျိုးမျိုး၏ တည်ဆောက်ပုံ၊ လွှတ်တင်ပုံ၊ ဂြိုဟ်တုများ၊ အာကာသ လွန်းပြန်ယာဉ်များ၊ ဂြိုဟ်ဆင်းယာဉ်များ၊ လူလိုက်ပါသည့် အာကာသယာဉ်မော်ဂျူးများနှင့် များစွာသော အာကာသစခန်းကြီးများအကြောင်း၊ အာကာသယာဉ်မှူးများ အကြောင်းနှင့် အာကာသဝတ်စုံများအကြောင်း၊ မြေပြင်အခြေစိုက် နက္ခတ်တာရာ လေ့လာစောင့်ကြည့်ရေးစခန်းများ၊ နက္ခတ်တာရာလေ့လာရေး မှန်ပြောင်းကြီးများနှင့် ရေဒီယို တယ်လီစကုပ်ကြီးများ အကြောင်း စသည်တို့အပြင် များစွာသော အာကာသ ဝေါဟာရဆိုင်ရာ အကြောင်းချင်းရာများကို သရုပ်ဖော်ပုံများ၊ ဓာတ်ပုံများ၊ ဇယားများနှင့် ရှင်းလင်းရေးသားထားသော ပုံပြ အဘိဓာန်စာအုပ်တစ်အုပ်ဖြစ်သည်။

ရှင်မတောင်စာပေမှ ဖြန့်ချိ၍ ပုရစ်ဖူး စာအုပ်တိုက် ဖုန်း-၀၉-၅၁၀၁၆၉၂ နှင့် ၀၉-၄၉၂၂၉၉၇၀ တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ပြီး ရောင်းဈေးမှာ တစ်အုပ်လျှင် ငွေကျပ် ၆၀၀၀ ဖြစ်သည်။

## ကာမေသုမိစ္ဆာစာရကံဆိုင်ရာ အမေးအဖြေများ



လူအပေါင်းတို့ ကာမဂုဏ်၌ မှားယွင်းစွာပြုကျင့်ခြင်းကို ရှောင်ကြဉ်နိုင်ကြခြင်းဖြင့် အတိုင်းအဆမရှိသော လူတို့အား သားပျို၊ သမီးပျို၊ ခင်ပွန်းကောင်း၊ ဇနီးကောင်းတို့ ဖြစ်နိုင်ကြစေရန် လူတိုင်းသိထားသင့်သော ကာမေသုမိစ္ဆာစာရ ကံဆိုင်ရာ အမေးအဖြေများကို ပြည်ကျော်လွင်(ပညာရေး)က ရေးသားဖော်ပြထား၏။

ဤစာအုပ်တွင် လူပျို၊ လူအိုအမျိုးသားများ၊ မိန်းမပျိုများ၊ ချစ်သူစုံတွဲများ၊ အိမ်ထောင်သည် ကျားနှင့် မများ စသည်တို့အတွက် သိထားသင့်သော အမေးအဖြေများကို အခန်းပေါင်း ၁၂ ခန်းခွဲကာ ဖော်ပြထားသည့်အပြင် အပျို၊ လူပျိုကျင့်စဉ်နှင့် ပရဒါရကံဆိုင်ရာ အမေးအဖြေများလည်း စုံလင်စွာပါဝင်သည်။

စာအုပ်တန်ဖိုးမှာ ငွေကျပ် ၁၂၀၀ ဖြစ်ပြီး ဒေါ်ညွန့်ဝေစာအုပ်တိုက် (ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်) ဖုန်း-၀၉-၇၃၁၀၄၁၁၂ မှ တစ်ပြည်လုံးသို့ ဖြန့်ချိသည်။

## ၁၉၇၄-၇၉ ခုနှစ် ဥပဒေကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန်　စက်တင်ဘာ　၁၅**

၁၉၇၄-၇၉ ခုနှစ် ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၇ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမြဟန် ဖုန်း-၀၉-၅၁၃၉၅၇၆၊ ဒေါ်ဥမ္မာသျှား ဖုန်း-၀၉-၅၁၄၄၃၅၁၊ ဒေါက်တာဒေါ်တင်တင်ထွန်း ဖုန်း-၀၉-၅၀၂၀၅၄၃၊ ဒေါ်သင်းသင်းမြိုင် ဖုန်း-၀၉-၅၁၅၅၉၁၇ နှင့် ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၀၀၂၉၅၀ တို့သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# အားကစား

## ပထမအကြိမ် Champion Challenge Cup Tournament ဒုတိယအသုတ်ပြိုင်ပွဲများ ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၁၅**

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၁၁ ခုနှစ် ပထမအကြိမ် Champion Challenge Cup Tournament ဒုတိယအသုတ် ပြိုင်ပွဲများအနက်မှ စစ်တုရင်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပနေသော အလေးမ ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ (သတင်းစဉ်)

**အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ၂၀၁၁ ခုနှစ် ပထမအကြိမ် Champion Challenge Cup Tournament ဒုတိယအသုတ်ပြိုင်ပွဲမှ အလေးမပြိုင်ပွဲ၌ ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

## ပရီလိဂ်ဖူဆယ်ပြိုင်ပွဲ ACE အသင်း ဖိုလ်စွဲ

**ရန်ကုန် စက်တင်ဘာ ၁၅**

MFF Tiger Futsal League 2011 ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ ACE အသင်းက အနိုင်ရဖိုလ်စွဲသွားခဲ့သည်။

ရမှတ်တူဖြင့် ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် ACE အသင်းနှင့် UPT အသင်းတို့သည် နောက်ဆုံးပွဲစဉ်အဖြစ် အဆုံးအဖြတ်ကစားခဲ့ရပြီး ACE အသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ ACE အသင်းသည် ၁၄ ပွဲကစား ၃၃ မှတ်ဖြင့် ဖိုလ်စွဲခဲ့ခြင်းဖြစ်ပြီး UPT အသင်းက ၃၀ မှတ်ဖြင့် ဒုတိယ၊ ရခိုင်ယူနိုက်တက်က ၂၄ မှတ်ဖြင့် တတိယ၊ ရန်ကုန်စီးတီးအသင်းက ၂၃ မှတ်ဖြင့် စတုတ္ထတို့ ရရှိကြသည်။ ပရီဖူဆယ်လိဂ်ပြိုင်ပွဲကို အသင်း ရှစ်သင်းဖြင့် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး နှစ်ကျော့ကစားခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ပထမဆုရ ACE အသင်းက ဆုဖလားနှင့် ငွေကျပ်သိန်း ၆၀၊ ဒုတိယဆုရ UPT အသင်းက ငွေကျပ်သိန်း ၃၀၊ တတိယဆုရ ရခိုင်ယူနိုက်တက်က ငွေကျပ်သိန်း ၂၀၊ စတုတ္ထဆုရ ရန်ကုန်စီးတီးအသင်းက ငွေကျပ် ၁၀ သိန်း၊ အကောင်းဆုံးအားကစားသမားဆုရ သန်းဝဏ္ဏအောင်(ACE)က ဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်း၊ ဂိုးသွင်းအများဆုံးဆုရ နိုင်ရဲကျော်(ACE)က ဆုတံဆိပ်နှင့် ငွေကျပ်ငါးသိန်းတို့ရရှိပြီး



အသန့်ရှင်းဆုံးအသင်းဆုကို USM United အသင်းက ရရှိသည်။ ဆုရရှိသူများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

## အုပ်စုပထမဖြင့် ထိုင်းဆီမီးတက်

**ရန်ကုန် စက်တင်ဘာ ၁၅**

အာဆီယံလူငယ်ယူ-၁၉ ဘောလုံးပြိုင်ပွဲအုပ်စု(ခ)ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပသည်။

| **သုဝဏ္ဏကွင်း** | **အောင်ဆန်းကွင်း** |
|---|---|
| ကမ္ဘောဒီးယား - တစ်ဂိုး | ထိုင်း - ငါးဂိုး |
| စင်ကာပူ - တစ်ဂိုး | ဖိလစ်ပိုင် - ဂိုးမရှိ |

## လက်ရှိချန်ပီယံရတနာပုံ ရှုံးပွဲဆက်

**မန္တလေး စက်တင်ဘာ ၁၅**

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၉)ကို ယနေ့ညနေ ၄ နာရီက ဗထူးကွင်း၌ ကျင်းပရာ ရောဝတီယူနိုက်တက်အသင်းက လက်ရှိချန်ပီယံရတနာပုံကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။

**ရောဝတီယူနိုက်တက် - နှစ်ဂိုး**
(သောမက်စ်၊ အီကီ)

**ရတနာပုံ - ဂိုးမရှိ**

လက်ရှိချန်ပီယံရတနာပုံ ရှုံးပွဲဆက်နေခဲ့ပြီး အနိုင်ရရှိခဲ့သော ရောဝတီအသင်းမှာ ချန်ပီယံပြေးလမ်းကြောင်းပေါ်တွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

[၁၇-၉-၂၀၁၁]

**YUSC ကွင်း**
ရန်ကုန်ယူနိုက်တက်-ဉဿာယူနိုက်တက်

**မုံရွာကွင်း**
ဇေယျာရွှေမြေ-Southern

**KBZ ကွင်း**
ကမ္ဘောဇ-မကွေး



**ရတနာပုံတိုက်စစ်ကို ရောဝတီဂိုးသမား သီဟစည်သူကာကွယ်စဉ်။**

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

## ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ ရီးယဲလ်နှင့် ဘိုင်ယန်တို့နိုင်ပွဲရပြီး မန်ယူသရေကျ

၂၀၁၁-၂၀၁၂ ဘောလုံးရာသီ၏ ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ရီးယဲလ်မက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့နိုင်ပွဲရရှိသွားပြီး မန်ယူအသင်းမှာ အဝေးကွင်းတွင် သရေသာ ကစားနိုင်ခဲ့သည်။

**ဗီလာရီးယဲလ် ၀-၂ ဘိုင်ယန်မြူးနစ်**

အုပ်စု(A)မှ ဗီလာရီးယဲလ်နှင့် ဘိုင်ယန်မြူးနစ်တို့ပွဲတွင် ဘိုင်ယန်မြူးနစ်က အဝေးကွင်းတွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဘိုင်ယန်အတွက် အဖွင့်ဂိုးကို ပွဲစချိန် ၇ မိနစ်တွင် တိုနီကရော့စ်က သွင်းယူပေးခဲ့သည်။ ဒုတိယဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် ရာဖင်ဟာက သွင်းယူခဲ့ခြင်းဖြစ်သည်။

**ဒီနာမိုဇာဂရက် ၀-၁ ရီးယဲလ်မက်ဒရစ်**

အုပ်စု(D) မှ ဒီနာမိုဇာဂရက်နှင့် ရီးယဲလ်မက်ဒရစ်တို့ပွဲတွင် ရီးယဲလ်က အဝေးကွင်းတွင် ဒီမာရီယာ၏ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ နှစ်သင်းစလုံး အနိုင်ရရှိရေး ကြိုးပမ်းကြရာ ပွဲမှာအနည်းငယ်ကြမ်းလာခဲ့ပြီး ပွဲကစားချိန် မိနစ် ၇၀ တွင် ရီးယဲလ်အသင်းမှ မာဆယ်လိုအဝါကတ်ပြခံခဲ့ရပြီး ပွဲချိန် ၇၃ မိနစ်တွင် နောက်ထပ်အဝါကတ်ထိကာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ထို့ပြင် ရီးယဲလ်နောက်ခံလူ ပီပီမှာလည်း မိနစ် ၉၀ တွင် အဝါကတ်ပြခံခဲ့ရသည်။

**ဘင်ဖီကာ ၁-၁ မန်ယူ**

အုပ်စု(C)မှ ဘင်ဖီကာနှင့် မန်ယူတို့ပွဲမှာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသွားသည်။ ဘင်ဖီကာအတွက် အဖွင့်ဂိုးကို ပွဲကစားချိန် ၂၄ မိနစ်တွင် တိုက်စစ်မှူးကာဒိုဇိုက သွင်းယူပေးခဲ့သည်။ မန်ယူအတွက် ချေပဂိုးကို ဝါရင့်ကွင်းလယ်ကစားသမား ရိုင်ယန်ဂစ်က ဂိုးစည်းထိပ်မှ အပြင်းကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မန်ယူနည်းပြ ဖာဂူဆန်က အဆိုပါပွဲအပြီးတွင် ဂစ်အား ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့သည်။ **အင်တာနက်။**

ဟိန်းထက်

**အခြားပွဲစဉ်ရလဒ်များ**

| | | |
|---|---|---|
| မန်စီးတီး | ၁ - ၁ | နာပိုလီ |
| အင်တာမီလန် | ၀ - ၁ | ထရာဇွန်စပါ |
| လိုင်လီ | ၂ - ၂ | စီအက်စ်ကေအေမော်စကို |
| ဘာဆယ် | ၂ - ၁ | ဂါလာတီ |
| အိုင်းယက် | ၀ - ၀ | လိုင်ယွန် |

## နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၅ -** ၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက်မှ အောက်တိုဘာ ၅ ရက်အထိ Nay Pyi Taw FC (ပေါင်းလောင်း)ကွင်းနှင့် နေပြည်တော်ကွင်းအမှတ်(၁)နှင့် အမှတ်(၂) တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဘောလုံးအသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ အုပ်စု(က)၌ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်၊ အုပ်စု(ခ)၌ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ ပါဝင်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုအဖြစ် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုအဖြစ် ငွေကျပ် ခုနစ်သိန်း ချီးမြှင့်မည်ဖြစ်ပြီး ပွဲဦးထွက်အဖြစ် စက်တင်ဘာ ၁၈ ရက် ညနေ ၄ နာရီတွင် Nay Pyi Taw FC (ပေါင်းလောင်း) ကွင်း၌ ပျဉ်းမနားမြို့နယ်အသင်းနှင့် တပ်ကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် Myanmar National League (MNL)ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် ဆုကြေးစားကလပ်အသင်းများနှင့် ၎င်းတို့၏ အရန်အသင်းပြိုင်ပွဲများတွင် မှတ်ပုံတင်ထားသည့် ကစားသမားများ ပါဝင်ကစားခွင့်ပြုမည်မဟုတ်ဘဲ တိုင်းဒေသကြီး/ပြည်နယ် (သို့မဟုတ်) တိုင်း/တပ်မ လက်ရွေးစင်အဖြစ် ပါဝင်ကစားဖူးသူ လေးဦးစီ ပါဝင်ကစားခွင့်ပြုမည်ဖြစ်သည်။ (တင်ထွေး)

## မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၅ -** (၂၃)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက် (စနေနေ့)မွန်းလွဲ ၁၂ နာရီခွဲတွင် မင်္ဂလာဒုံတပ်မတော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ မသန်စွမ်းဂေါက်သီး အားကစားသမားများသည် ဗိုလ်မှူးသိန်းဆွေမြင့်(ငြိမ်း) ဖုန်း-၀၁-၅၄၂၉၄၁၊ ဗိုလ်ကြီးစိန်ဝှက်(ငြိမ်း) ဖုန်း-၀၉-၈၆၀၂၁၆၀ နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၈၂၄၅၅ တို့သို့ ဆက်သွယ်စာရင်းပေးကြပါရန်နှင့် ယနေ့မွန်းတည့် ၁၂ နာရီအရောက် မင်္ဂလာဒုံတပ်မတော်ဂေါက်ကွင်းသို့ အချိန်မီလာရောက်ကြရန်ဖြစ်သည်။ (သတင်းစဉ်)

## တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅ -** ၂၀၁၁ ခုနှစ် (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ တတိယနေ့ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ ပိုက်ကျော်ခြင်းအားကစားရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ရှုံး/ထွက်ပွဲစဉ်များတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်(က)အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်(ခ)အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ ရှုံး/ထွက်ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ မွန်ပြည်နယ်(က)အသင်းက စစ်ကိုင်းတိုင်းဒေသကြီး(ခ) အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲနှင့် မကွေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကြသည်။

စတုတ္ထနေ့ပြိုင်ပွဲများကို စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီမှစတင်၍ အဆိုပါအားကစားရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

## ရပ်ကွက်/ကျေးရွာ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**မိတ္ထီလာ စက်တင်ဘာ ၁၅ -** ၂၀၁၁ ခုနှစ် မိတ္ထီလာမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာ အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မိတ္ထီလာမြို့ မြို့နယ်အားကစားကွင်း၌ စက်တင်ဘာ ၁၂ ရက် ညနေ ၄ နာရီတွင် ကျင်းပသည်။

ဗိုလ်လုပွဲတွင် အောင်ဇေယျအသင်းနှင့် တောမဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အောင်ဇေယျဘောလုံးအသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသော အောင်ဇေယျဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိန်ကလည်းကောင်း၊ ဒုတိယဆုရ တောမဘောလုံးအသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မောင်ကျော်က လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး အဆိုပါဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ဇင်ဘိုမင်း(ကြေးမုံ)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၆-၉-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၁၀ | ၁။ | တရားတော် |
| ၇း၁၅ | ၂။ | ဓမ္မပူဇာတေး |
| ၇း၄၅ | ၃။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၄။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၅ | ၆။ | မှတ်တမ်း |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၁၀ | ၁။ | မဟာဂီတချိုကြည်မြ |
| ၄း၂၀ | ၂။ | ပညာပေးဇာတ်လမ်းတို |
| ၄း၃၀ | ၃။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၃၅ | ၄။ | လျှပ်တစ်ပြက် |
| ၄း၄၅ | ၅။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၀ | ၆။ | အိုင်စီတီသုတ |
| ၅း၁၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၃၀ | ၈။ | သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ(အပိုင်း-၂၈) |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၁။ | "ရွှာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၁၅) တိ ရှဲ လွဲ (ချစ်ဖွယ်၊ ငွေမိုးနှင့်သရုပ်ဆောင်များ) |
| ၆း၄၅ | ၁၂။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၇း၀၀ | ၁၃။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၅၀)** |
| ၈း၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | သံစဉ်များနှင့်ကမ္ဘာ |
| | ၂၀။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ်အိပ်မက်လေးရယ်(အပိုင်း-၃၇)** |
| | ၂၃။ | ကမ္ဘာတစ်ခွင်ခရီးစဉ် |

# ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးသည် ခွဲမရသောအနေအထားများတွင် ရှိနေ

## ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများရရှိရေး ဖော်ဆောင်ရန်အတွက် ဥပဒေများ ပြဋ္ဌာန်းပြီး ပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်းက ဥပဒေနှင့်အညီ စနစ်တကျ ကျင့်သုံးလိုက်နာ ဆောင်ရွက်နေကြရမည်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၁ အထိမ်းအမှတ်အခမ်းအနားနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

✤ ရှေ့ဖုံးမှ

ဖော်ဆောင်နိုင်လျှင် ပြည်တွင်း ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဖော်ဆောင်ပေးနိုင်ပါကြောင်း။

ဒီမိုကရေစီသည် တရားဥပဒေကို ဦးထိပ်ထားခြင်းဖြင့် တည်ထောင်ရသည့်စနစ်ဖြစ်ပြီး တရားဥပဒေဘောင်အတွင်းမှ လူ့အခွင့်အရေးကို ကျင့်သုံးရခြင်းဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာ စောင့်ထိန်းမှုတို့သည် ဒီမိုကရေစီရှင်သန်ရေးအတွက် ရေခံမြေခံများပင် ဖြစ်ပါကြောင်း။

ထို့ကြောင့် ကောင်းမွန်သော ဒီမိုကရေစီ ပတ်ဝန်းကျင်နှင့် ဆီလျော်သော ဒီမိုကရေစီယဉ်ကျေးမှု မရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေမည့် အကျပ်အတည်းများ ပေါ်ပေါက်တတ်ကြောင်းလည်း ပြောကြားလိုပါကြောင်း။

ဒီမိုကရေစီစနစ်မှာ မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊ မဲပေးပိုင်ခွင့်၊ ရွေးချယ်ခံပိုင်ခွင့်၊ နိုင်ငံရေးပါတီ ထူထောင်ခွင့်၊ အစိုးရသတင်းဌာနမှအပဖြစ်သော အခြားသတင်းဌာနများမှ သတင်းများ လွတ်လပ်စွာ ရယူပိုင်ခွင့်များ ရရှိမှာဖြစ်သကဲ့သို့ ရပိုင်ခွင့်နှင့်တာဝန်ကို သိရှိခံယူသော လူ့အဖွဲ့အစည်းလည်း ရှိရမည်ဖြစ်ပါကြောင်း၊ အနည်းစုနှင့် အများစုအကြား မတူကွဲပြားခြားနားမှုနှင့် တူညီမှုတို့အကြား စိတ်ရှည်သည်းခံစွာ ညှိနှိုင်းပေါင်းစပ်နိုင်မှုလည်း မလိုလားအပ်သည့် စိတ်ဝမ်းကွဲပြားမှုများ မပေါ်ပေါက်မှာ ဖြစ်ပါကြောင်း။

ထို့အပြင် ဒီမိုကရေစီစနစ်ကို နိုင်ငံတွင်းမှာ ကျင့်သုံးသကဲ့သို့ နိုင်ငံတကာဆက်ဆံရေးမှာလည်း ကျင့်သုံးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတွင်း၌သာ ကျင့်သုံးပြီး နိုင်ငံတကာ ဆက်ဆံရေးတွင် ကျင့်သုံးခြင်းမပြုသော နိုင်ငံများသည် ဒီမိုကရေစီကို အမှန်တကယ် လေးစားမြတ်နိုး တန်ဖိုးထားခြင်းမရှိသော နိုင်ငံများ ဖြစ်ပါကြောင်း။

နိုင်ငံတိုင်းသည် အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်ရှိရမည်ဖြစ်ပြီး တစ်နိုင်ငံချင်း ဂုဏ်သိက္ခာရှိရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ယင်းနိုင်ငံရှိ ပြည်သူလူထု၏ဆန္ဒ၊ ၎င်း၏ ကိုယ်ပိုင်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစနစ်များအရ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ခွင့် ရှိစေရမည် ဖြစ်ပါကြောင်း၊ **ကမ္ဘာပေါ်ရှိ နိုင်ငံများသည် မူမတူ ယှဉ်တွဲနေထိုင်မှုစနစ်ရှိကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံအပေါ် ဝင်ရောက်စွက်ဖက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်းတို့သည် ဒီမိုကရေစီသဘောတရားနှင့် ဆန့်ကျင်ဆောင်ရွက်ခြင်းများပင် ဖြစ်ပါကြောင်း။**

**ဒီမိုကရေစီသည် လူသားအားလုံး၏ အခွင့်အရေးအတွက် တည်ဆောက်ထားခြင်းဖြစ်ပြီး လူတိုင်းက အများ၏ အရေးအရာများကို ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်တွင် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်သော ရွေးကောက်ပွဲများသည် မျှတမှု၊ ရိုးသားပွင့်လင်းမှု၊ ထင်သာမြင်သာရှိမှုတို့အပြင် နိုင်ငံရေးဆိုင်ရာ ယှဉ်ပြိုင်မှုကို အားပေးရမည်ဖြစ်ပါကြောင်း၊** ပြည်သူတို့ကလည်း ရွေးကောက်ပွဲတွင် မပျက်မကွက် မဲပေးခြင်းအားဖြင့် ဒီမိုကရေစီယဉ်ကျေးမှု ရှိရန် လိုပါကြောင်း၊ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ၏ ဖြောင့်မတ်မှုနှင့် ပြည်သူများ၏

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

# မြန်မာနိုင်ငံသည် ပြောင်းလဲနေပြီး ပြောင်းလဲမှုများသည် အမှန်အကန်တိုးတက်မှုများဖြစ်

## အသွင်ကူးပြောင်းရေးကာလတွင် မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများနှင့် မလွတ်ကင်းနိုင်

## နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မိမိတို့၏ကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန်လို

နေပြည်တော် စက်တင်ဘာ ၁၅

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားခဲ့သည်။**

အဆိုပါမိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**သဘာပတိကြီးခင်ဗျား-**

ယခုကဲ့သို့ မိမိအနေဖြင့် လူ့အခွင့်အရေးကောင်စီသို့ လာရောက်မိန့်ခွန်းပြောကြားရခြင်းမှာ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မည်မျှအလေးပေး အရေးထားကြောင်းကို ပြသလိုသောကြောင့် ဖြစ်ပါတယ်။

မကြာမီကာလအတွင်းက မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရဖွဲ့စည်းခဲ့ပါတယ်။ နိုင်ငံတော်သမ္မတအနေဖြင့် စတင်တာဝန်ယူပြီးနောက် ၎င်း၏နိုင်ငံတော် အခြေပြုမိန့်ခွန်းတွင် အစိုးရသစ်၏ ဒီမိုကရေစီနှင့် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် မူဝါဒနှင့် ရည်မှန်းချက်များကို နိုင်ငံတော်သို့ ချပြခဲ့ပါတယ်။ အစိုးရသစ်အနေဖြင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

ယနေ့သတင်းအညွှန်း

### ရွှေဘို-မြစ်ကြီးနားလမ်း စီမံကိန်းတစ်လျှောက် လမ်းမကြီးများ ဥပဒေကို ဒေသခံများ နားလည်ရန်လို

❛❛ စီမံကိန်းဆောင်ရွက်နေသည့် လမ်းနယ်နိမိတ်မှာ လမ်း၏ဗဟိုမှ တစ်ဖက်တစ်ချက် ၇၅ ပေစီရှိသော ဥပဒေကို နားမလည်မှုကြောင့် မလိုလားအပ်သော ထွန်ယက်စိုက်ပျိုးမြေအမှတ်ဖြင့် လုပ်ကိုင်ကြ ❜❜

ပြည်တွင်းသတင်း စာမျက်နှာ - ၄

### သွေးအစားထိုးကုသမှုခံရသူ အိန္ဒိယကလေးများ အိတ်ချ်အိုင်ဗွီပိုင်းရပ်စ်ပိုး ကူးစက်ခံခဲ့ရ

❛❛ အဆိုပါ ကလေးများသည် အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ် ဂျူနာဂါးခရိုင်ရှိ ပြည်သူ့ဆေးရုံတစ်ရုံ၌ သွေးအစားထိုးကုသမှု ခံယူခဲ့ရသူများဖြစ် ❜❜

နိုင်ငံတကာသတင်း စာမျက်နှာ - ၅

### မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားနေသော ဘင်္ဂလားပင်လယ်အော်အတွင်း ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအမှုအား အပြည်ပြည်ဆိုင်ရာ ပင်လယ်ဥပဒေတရားရုံး၌ ဥပဒေကြောင်းအရ ဖြေရှင်းလျှောက်ရှိရာတွင် မြန်မာနိုင်ငံဘက်က ယနေ့ စတင်လျှောက်လဲ

❛❛ တရားမျှတသည့်ရလဒ် ပေါ်ထွက်စေရန် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ဥပဒေနယ်ပယ်တွင် ထင်ရှားကျော်ကြားသည့် ဥပဒေပညာရှင်များက မြန်မာနိုင်ငံအား ကိုယ်စားပြု လျှောက်လဲသွားမည် ❜❜

သတင်း စာမျက်နှာ - ၆